# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 8 October 2023 ၁၁၂၄၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းအတွင်းရှိ ရေလုံလွှန်းကျင်းကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

## လွှန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းဆောင်ရွက်၍ အကျိုးရှိအောင် ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဂျောင်ဝိုင်းကျေးရွာရှိ ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


**ယနေ့ ဖတ်စရာ**


မြန်မာ့ငြိမ်းချမ်းရေးခရီးကို ပြန်ပြောင်းဆင်ခြင်လေ့လာကြည့်သော
ဆောင်းပါး စာမျက်နှာ » ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၉

“မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၅) (ဆောက်လုပ်ရေးဝန်ကြီးဌာန)
ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# တရားဥပဒေစိုးမိုးရေးနှင့် ကူညီပေးရေးတာဝန်ထမ်းဆောင်

မြန်မာနိုင်ငံသည် ကုန်းတွင်းပိုင်း၌ လက်ယှက်ထိုးနေသော မြစ်ချောင်းများ ပေါများပြီး ကြီးမားကျယ်ပြန့်ရှည်လျားသည့် ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသည်။ မြန်မာ့ကမ်းရိုးတန်းသည် မြောက်ဘက်အစွန်ဆုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်နတ်မြစ်ဝမှ တောင်ဘက်အစွန်ဆုံး ထိုင်းနိုင်ငံနယ်စပ် ဘုရင့်နောင်အငူအထိ ရှည်လျားသည်။ ရခိုင်ကမ်းရိုးတန်းသည် ၇၁၃ ကီလိုမီတာ၊ မြစ်ဝကျွန်းပေါ်သည် ၄၃၇ ကီလိုမီတာနှင့် တနင်္သာရီကမ်းရိုးတန်းသည် ၁၀၇၈ ကီလိုမီတာရှိသဖြင့် ကမ်းရိုးတန်းအရှည် ၂၂၂၈ ကီလိုမီတာ၊ မိုင်ပေါင်း ၁၃၀၀ ကျော်ရှိသည်။

ဤသို့ရှည်လျားသော မြန်မာ့ပင်လယ်ကမ်းရိုးတန်းနှင့်ရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်(ရေ)က သမိုင်းကြောင်းတစ်လျှောက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ပြောင်းလဲတိုးတက်လာသော ခေတ်ကာလဝယ် ကျယ်ပြန့်ရှည်လျားသည့် မြန်မာ့ပင်လယ်ပြင် ကာကွယ်ရေးအတွက် တပ်မတော်(ရေ)ကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ခေတ်မီရေတပ်မတော်အဖြစ် တည်ဆောက်ခဲ့ပြီးနောက် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသတစ်လျှောက် တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားရေးအကူအညီများ ပေးနိုင်ရန် ထပ်မံလိုအပ်လာသည်။

မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့် ရည်ရွယ်ချက်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ နှစ်နှစ်မြောက်ကာလအတွင်း အကျိုးရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က “ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် ကမ်းရိုးတန်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင်အတွင်း နယ်နိမိတ်၏ တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ ယခုတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များသည် မိမိနိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ သမိုင်းသစ်တစ်ခုကို စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်(ရေ)မှ ရှိရင်းစွဲလူသားအရင်းအမြစ်များ၊ ရေယာဉ်များဖြင့် စနစ်တကျဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သဖြင့် စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း” ပြောကြားခဲ့သည်။

ကမ်းခြေစောင့်တပ်ဖွဲ့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံပိုင်းဆိုင်ရာတို့တွင် တတ်နိုင်သမျှပြည့်စုံအောင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍လည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသည် ကျယ်ဝန်းသော ပင်လယ်ပြင်နှင့် ရှည်လျားသည့်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသော ကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ကျွန်းပေါင်းများစွာရှိကာ သဘာဝကပေးအပ်ထားသော အရင်းအမြစ်များ၊ အပြာရောင်စီးပွားရေးအခွင့်အလမ်းများ များစွာရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက်ကို အလုံးစုံကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော် (ရေ)အပြင် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး အခြားနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများကို အချိန်ယူလေ့လာဆောင်ရွက်ခဲ့သည်။

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကာကွယ်မည်၊ နိုင်ငံသူ နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်မည်ဟူသည့် နဂိုရှိရင်းစွဲ အရင်းခံစိတ်ဓာတ်ကောင်းများဖြင့် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ တပ်ဖွဲ့ဝင်များ၏ တစ်ဦးတစ်ယောက်ချင်းစီ၏ ရှိရင်းစွဲစိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်ထမ်းဆောင်မှု နှစ်နှစ်တာကာလအတွင်း ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည်။

သို့ဖြစ်ရာ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် မြန်မာ့ပိုင်နက်ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးတာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုပြီး ယခုထက်ပိုမိုကောင်းမွန်မည့် စံပြုကမ်းခြေစောင့်တပ်ဖွဲ့တစ်ခုဖြစ်အောင် ဆက်လက်ဆောင်ရွက်ကာ စွမ်းရည်ထက်မြက်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းကုသမှုပေး

ကျိုင်းတုံ အောက်တိုဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သက်ရှည်ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းကို အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများက ကျိုင်းတုံမြို့ ခုတင်(၂၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



အထူးဆေးကုသရေး အစီအစဉ်အဖြစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၇ ဦးပါဝင်သော ကျန်းမာရေးစောင့်ရှောက်ကုသရေးအဖွဲ့သည် ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူများအား နှလုံး၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ အသည်း၊ ဆီးချိုနှင့် ဟော်မုန်း၊ အရေပြား၊ သွေး၊ အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ စမ်းသပ်ခွဲစိတ်စစ်ဆေးကုသပေးမှုများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့အပြင် ကျိုင်းတုံမြို့နယ်တွင် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသော အသက် ၁ နှစ်မှ ၅ နှစ်အရွယ် ကလေးငယ်များကို Catch-up နည်းဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး ကာကွယ်ဆေးထိုးစုရပ်၌ ကျိုင်းတုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့က ထိုးနှံ/တိုက်ကျွေးပေးပြီး လက်ဆောင်ပစ္စည်းများ ပေးဝေသည်။

ထိုသို့ဆောင်ရွက်နေမှုကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်း၊ ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၇

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရ “ရဲမင်းစိုး” ရေးသားသည့် “တိမ်တွေလွင့်မျောနေသည်နှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂျောင်ဝိုင်းလွှန်းကျင်းအဆောက်အအုံညှိ့ခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**❖ ဂျောင်ဝိုင်းလွှန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွှန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ်အစင်းရေ ၄၉ စင်းကို လွှန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းအတွင်းရှိ လွှန်းဆွဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား လွှန်းကျင်းအဆောက်အအုံ ညှိ့ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများက ဂျောင်ဝိုင်းလွှန်းကျင်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလွှန်းကျင်းသည် လုပ်ငန်းဆောင်ရွက်မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး လွှန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်း ဆောင်ရွက်၍ အကျိုးရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေယာဉ်တည်ဆောက်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် လိုအပ်သည်များ ပြန်လည်ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး နေအိမ်လိုင်းခန်းများနှင့် အခြားအဆောက်အအုံများ ထည့်သွင်းနိုင်ရေးအတွက်လည်း ကြိုတင်စဉ်းစား ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျောင်ဝိုင်းလွှန်းကျင်းအတွင်းရှိ လွှန်းဆွဲရုံ၊ ရေလုံလွှန်းကျင်းနှင့် လွှန်းလမ်းများ၊ လွှန်းကျင်းအဝင်နှင့် ဆိပ်ခံတံတားအနီးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လွှန်းကျင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ဂျောင်ဝိုင်းလွှန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွှန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ်အစင်းရေ ၄၉ စင်းကို လွှန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကာ လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ခဲ့သည်။ ဂျောင်ဝိုင်းရေလုံလွှန်းကျင်း၏ သက်တမ်းသည် ၃၆ နှစ် ကြာမြင့်ပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိခြင်းကြောင့် လုပ်ငန်းရပ်နားချိန်ကြာမြင့်ပါက ပျက်စီးဆုံးရှုံးမှုများ ပိုမိုများလာနိုင်သဖြင့် ဂျောင်ဝိုင်းလွှန်းကျင်းအား လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နိုင်မှုရှိသည့် အစိုးရဌာန၊ အဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းအတွင်းရှိ လွှန်းလမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရှင်းလင်းတင်ပြစဉ်။

# ရထားဖြင့်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်

## ရထားပို့ဆောင်ရေးစနစ်သည် နိုင်ငံတော်၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေး၌ အရေးပါသဖြင့် မြှင့်တင်ရန်လို

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း) စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မလွှကုန်းယာဒ်ဝင်း၏ နောက်ခံသမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များ၊ ယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံအလုပ်ရုံများနှင့် လက်ရှိပြေးဆွဲလျက်ရှိသည့် ကုန်ရထားများမှ ကုန်တင်ပို့မှု၊ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)၊ မလွှကုန်းတွဲပြင်အလုပ်ရုံ၊ တံတားပေါင်အလုပ်ရုံ (မလွှကုန်း)၊ ယန္တရားအလုပ်ရုံ(မလွှကုန်း)တို့၏ နောက်ခံသမိုင်းအကျဉ်းများ၊ စက်ရုံအလုပ်ရုံတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးအတွက် ရထားပို့ဆောင်ရေးစနစ်ကို စနစ်တကျဆောင်ရွက်

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်၏ ကုန်စည်စီးဆင်းရေးကဏ္ဍတွင် ကုန်ရထားများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ **သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဟူ၍ရှိပြီး ရထားဖြင့်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရထားဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုကဏ္ဍမြင့်မားစေရေးအတွက် ကုန်တွဲများကြံ့ခိုင်ရေးကို ဆောင်ရွက်ရန်လိုသကဲ့သို့ စက်ခေါင်းများလည်းကောင်းမွန်နေရမည်ဖြစ်ကြောင်း၊ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို**ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလွှကုန်းတွဲပြင်အလုပ်ရုံတွင် ဂျပန်နိုင်ငံ West Corporation မှ မြန်မာ့မီးရထားသို့ လှူဒါန်းထားသည့် RBE အစင်း ၃၀ ကို ကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့နိုင်ငံတွင် ရထားများကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အတွေ့အကြုံများကို အကျိုးရှိရှိအသုံးချ၍ ရထားစက်ခေါင်းများ၊ တွဲများ၊ သံလမ်းများကို ကိုယ်တိုင် ထုတ်လုပ်နိုင်ရမည်၊ ခေတ်မီသည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရထားသယ်ယူပို့ဆောင်ရေးကို လျှပ်စစ်အသုံးပြု၍ ပြောင်းလဲပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းများ ကောင်းမွန်မှသာလျှင် ရထားစက်ခေါင်းများ၊ ရထားတွဲများကြံ့ခိုင်ကောင်းမွန်မည်ဖြစ်သည့်အတွက် မီးရထားလမ်းများ စနစ်တကျရှိပြီး ကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ကျောက်ထည့်သွင်းခြင်း၊ ဇလီဖားတုံးများ ထည့်သွင်းခြင်းတို့ကို စံချိန်စံနှုန်းပြည့်မီရန်နှင့် နည်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများကိုလည်း တိကျမှန်ကန်သည့်စနစ်ဖြစ်ရန်လိုကြောင်း မှာကြားသည်။

**☆ မိမိတို့နိုင်ငံတွင် ရထားများကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်**

**☆ အတွေ့အကြုံများကို အကျိုးရှိရှိအသုံးချ၍ ရထားစက်ခေါင်းများ၊ တွဲများ၊ သံလမ်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရမည်၊ ခေတ်မီသည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လို**

**☆ ရထားသယ်ယူပို့ဆောင်ရေးကို လျှပ်စစ်အသုံးပြု၍ ပြောင်းလဲပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လို**

**☆ ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများကိုလည်း တိကျမှန်ကန်သည့် စနစ်ဖြစ်ရန်လို**

စာမျက်နှာ ၅ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)အတွင်း စက်ခေါင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်ခေါင်းများအား ပြုပြင်ရမည့်အဆင့်အလိုက်၊ ထိန်းသိမ်းရမည့် အဆင့်အလိုက် မပျက်မကွက်ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရထားစီးခရီးသည်များအတွက် ဆွဲဆောင်မှုရှိရန်လည်းလိုကြောင်း၊ ရထားလမ်းများ ယခုထက်ပို၍ ကြံ့ခိုင်မှုရှိစေရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ သက်တမ်းကြာမြင့်ပြီဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အသုံးပြုသည့် ကိရိယာပစ္စည်းများ စနစ်တကျရှိစေရေး တန်ဖိုးထား၍ ထိန်းသိမ်းလုပ်ဆောင်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် RBE ရထားများ၏ အတွင်းပိုင်းအပြင်အဆင်များကို ကြည့်ရှုစစ်ဆေးစဉ်။

## ခရီးတိုနှင့် ရန်ကုန်မြို့ပတ်လမ်း၌ ပြေးဆွဲနိုင်ရေး RBE ရထားတွဲများအား စစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မလွှကုန်းတွဲပြင်အလုပ်ရုံသို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံ West Corporation မှ မြန်မာ့မီးရထားသို့ လှူဒါန်းထားသည့် RBE အစင်း ၃၀ ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် RBE ရထားများအတွင်းပိုင်းအပြင်အဆင်များနှင့် စက်ပိုင်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခုရထားများသည် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် ခရီးတိုပြေးဆွဲနိုင်ရေး ရည်ရွယ်ထားသည့်အတွက် ကြံ့ခိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားရန်နှင့် ရထားစီးခရီးသည်များ အဆင့်မီစွာ စီးနင်းအသုံးပြုနိုင်ရေး လိုအပ်သည်များကို မပြတ်စောင့်ကြည့်ဆောင်ရွက်သွားရန် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် RBE ရထားများ၏ စက်ပိုင်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများအား ပြန်လည်အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် စနစ်တကျထိန်းသိမ်းထားရှိရန် လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ မီးရထားဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

မလွှကုန်းယာဒ်ဝင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ကုန်တွဲပေါင်း ၉၀၂၁ တွဲကို အသုံးပြု၍ ကုန်စည်သယ်ယူပို့ဆောင်မှုကို လုပ်ဆောင်ခဲ့ပြီး ၁၉၄၀-၁၉၄၁ ခုနှစ်တွင် ကုန် ၄၀၃၀၆၅၃ တန်အထိ အများဆုံး သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပြီး ကုန်ရထားတွဲဆိုင်းများဖွဲ့ဆင်၍ စေလွှတ်ခြင်းနှင့် လက်ခံခြင်းပြုလုပ်ရာ၌ အဓိကကျသည့် ယာဒ်ဝင်းတစ်ခုဖြစ်သည်။ မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူတို့ အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ်ရပ်တည်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာတွင် မလွှကုန်းယာဒ်ဝင်းသည် အဓိကကျသည့် ယာဒ်ဝင်းတစ်ခုဖြစ်ပြီး စက်ခေါင်းများ မွမ်းမံပြုပြင်သည့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ ကုန်တွဲပြင်အလုပ်ရုံများလည်း တည်ရှိရာနေရာတစ်ခုဖြစ်သည်။ ထို့ပြင် ရထားလမ်းတံတားများ၊ ကားလမ်းခုံးကျော်တံတားများအတွက် လိုအပ်သည့် တံတားပေါင်များ ထုတ်လုပ်ပေးလျက်ရှိသော တံတားပေါင် အလုပ်ရုံနှင့် စက်ယန္တရားကြီးများကို မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ယန္တရားအလုပ်ရုံများ တည်ရှိရာနေရာလည်းဖြစ်ကာ နိုင်ငံတော်၏ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းကြောင်း အစဉ်အလာကောင်းစွာဖြင့် အစဉ်အဆက်ဆောင်ရွက်ခဲ့သည့် မလွှကုန်းယာဒ်ဝင်းဧရိယာသည် မြန်မာ့မီးရထားအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိသည့် **National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး** သတင်း၏ စတုတ္ထကော်လံ ဒုတိယပိုဒ်စာကြောင်းရေ ၁၆ ရှိ **“National Integration System”** စာသားအစား **“National Identification System”**၊ ပဉ္စမကော်လံ ပထမပိုဒ် ပထမစာကြောင်းရှိ **“National Integration System”** စာသားအစား **“National Identification System”** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မြန်မာ့ငြိမ်းချမ်းရေးခရီးကို ပြန်ပြောင်းဆင်ခြင်လေ့လာကြည့်သော်

လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးအဖြေရှာကြရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသမျှ မလွယ်ကူလှပါ။

**နှစ်ပေါင်းများစွာဖြစ်တည်ခဲ့သော သံသယများ၊ အမုန်းတရားများ၊ အာဃာတများကြားတွင် ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်စာနာမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် အချိန်ယူတည်ဆောက်ကြရသည်။**

**မင်းခေါင်**



၂၀၂၂ ခုနှစ်က နေပြည်တော်၌ ကျင်းပခဲ့သည့် NCA လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Video message ပေးပို့၍ မိန့်ခွန်းပြောကြားစဉ်။

ထို့အတူ ဆွေးနွေးပွဲစားပွဲဝိုင်းတွင် အကြိတ်အနယ်ငြင်းခုံမှုများ၊ အချေအတင် ပြောဆိုဆွေးနွေးမှုများ၊ ရပ်တည်ချက်များ၊ မူဝါဒစကားလုံးအသုံးအနှုန်းများ၊ အပေးအယူ အလျှော့အတင်းများ စသည် စသည်ဖြင့် အကြိမ်ကြိမ်အထပ်ထပ်ညှိနှိုင်းဆွေးနွေး အဖြေရှာကြရပြန်ပါသည်။ သည်ကြားထဲ ဆွေးနွေးပွဲကြားကာလအတွင်း ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် ရရှိပြီးသား အခြေခံရလဒ်ကောင်းများ ပျက်ပြယ်သွားလေမလားဟု ရင်တမမ ဖြစ်ရပြန်သည်။ ဆိုရလျှင် မည်သည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသမျှ မလွယ်ရေးချ မလွယ်ကူလှပါ။

**ငြိမ်းချမ်းရေးခရီးလမ်းကား ခက်ခဲကြမ်းတမ်းလှ**

မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်းကား ပို၍ပင် ခက်ခဲကြမ်းတမ်းလှသည်။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ဆိုသလို ပို၍ နက်နဲခက်ခဲ ရှုပ်ထွေးလွန်းလှသည်။ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသော လက်နက်ကိုင်အဖွဲ့အစည်းများက တစ်ဖွဲ့၊ နှစ်ဖွဲ့ မက။ သတင်းစာဆရာကြီး မိုးကြိုးဦးအုန်းခင်က လွတ်လပ်ရေးရခါစ ပါလီမန်ဒီမိုကရေစီခေတ်၏ သရုပ်သကန်ကို "ခက်ဖွယ်ရယ်စုံညီ လက်နက်ကယ် အစုံအညီနှင့်" ဟူ၍ပင် သတင်းစာတွင် ခေါင်းပေးရေးသားခဲ့ရသည်အထိ အဖွဲ့ပေါင်းက မျိုးစုံလှသည်။

မည်သို့ဆိုစေ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးအဖြေရှာခဲ့ကြပါသည်။ ဝန်ကြီးချုပ်ဦးနုဆိုလျှင် ကရင်အမျိုးသားအစည်းအရုံးခေါင်းဆောင် စောဘဦးကြီးနှင့်ဆွေးနွေးရာတွင်အလျှော့ပေးလွန်းသည်ဟုဆိုကာ အတိုက်အခံများက သခင်နုကို ကရင်နုဟူ၍ပင် လှောင်ပြောင်သရော်ခဲ့ကြသည်။

တော်လှန်ရေးကောင်စီခေတ်တွင်လည်း . . .

"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်၊

ယခင်ကဖြစ်ခဲ့သော အမှားအယွင်းများ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ရှိခဲ့သော အာဃာတများကို ဖယ်ရှား၍ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်မျိုးသားလုံးညီညွတ်မှုအတွက် ကြိုးပမ်းရန်၊

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ နိုင်ငံအားပြန်လည်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ကြရန်အတွက် အပြန်အလှန်ဆွေးနွေးခြင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော သဘောတူညီချက်များ ရရှိစေခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်ရန်" ဟူသည့် သဘောထားနှင့်အညီ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းဆောင်ရွက်ခဲ့ပါသည်။

တော်လှန်ရေးကောင်စီ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုအရ –

ကွန်မြူနစ်ပါတီ (ဗမာပြည်) ကိုယ်စားလှယ်အဖွဲ့၊

ရခိုင်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့၊

ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မှ ကိုယ်စားလှယ်အဖွဲ့၊

ကချင်လွတ်လပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၊

ရဲဘော်ဌေး ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့၊

မန်းဘဇံ ခေါင်းဆောင်သော ကေအင်န်ယူပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ပါဝင်သော သုံးပါတီ ကိုယ်စားလှယ်အဖွဲ့၊

မန်းဘဇံခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(မဒညတ) ကိုယ်စားလှယ်အဖွဲ့နှင့်

မုဆိုးကော်ကဆာဟန်တာသာမွေး ခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တို့သည် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သို့ရာတွင် ကရင်တော်လှန်ရေးကောင်စီအဖွဲ့ တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပြီး ကျန်တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှာမူ အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြားသွားခဲ့သည်။

**ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကမ်းလှမ်းခဲ့**

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင်လည်း ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးနေဝင်း၏ **"ကျွန်တော်တို့အဝေးရောက်နေသူတွေကို အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ခဏတာခွဲခွာပြီး အိမ်ကိုပြန်လာတဲ့ဆွေမျိုးသားချင်းတွေကို ကြိုဆိုသလို ကျွန်တော်တို့ သူတို့ကိုကြိုဆိုရအောင်။ ပြီးခဲ့တာတွေ မေ့ဖျောက်ခွင့်လွှတ်ပြီး ကျွန်တော်တို့တိုင်းပြည်ကောင်းကျိုးအတွက် ရှေ့ဆက်လက်တွဲလုပ်ကြရအောင်"**ဟူသည့် ဖိတ်ခေါ်မှုနှင့်အတူ ၁၉၈၀ ပြည့်နှစ် မေလတွင် နိုင်ငံတော်ကောင်စီက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ်ထုတ်ပြန်၍ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကမ်းလှမ်းခဲ့ပြန်ပါသည်။

ထိုဖိတ်ခေါ်ကမ်းလှမ်းမှုများအရ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ရဲဘော်သုံးကျိပ်ဝင်များဖြစ်ကြသော ဗိုလ်မှူးအောင်၊ ဗိုလ်ရန်နိုင်တို့အပါအဝင် လက်ဟောင်းနိုင်ငံရေးသမားကြီးများနှင့် ပါလီမန်ဒီမိုကရေစီပါတီ(PDP)အဖွဲ့ဝင်များ ပြည်တော်ပြန်ဝင်လာခဲ့ကြသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်မူ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တုံ့ဆိုင်းနေရုံမက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရနှောင်းပိုင်းကာလတွင် စီစီဝမ်တာပန်၊ မဲသဝေါ၊ မိုင်းယန်းတိုက်ပွဲကြီးများပေါ်ပေါက်လာသည်အထိပင် စစ်ရှိန်မြင့်တက်လာသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင်မူ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ထူးထူးကဲကဲ အောင်မြင်မှုများရရှိလာသည်။ ၁၉၈၉ ခုနှစ်တွင် ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင်များသည် ဗကပလက်အောက်မှ ခွဲထွက်ပြီး ကိုးကန့်ဒေသဖွံ့ဖြိုးရေး၊ ကိုးကန့်တိုင်းရင်းသားလူမျိုးများ၏ စားဝတ်နေရေးချောင်လည်ရေးတို့အတွက် တပ်မတော်နှင့်လက်တွဲ၍ ဆောင်ရွက်လိုသည်ဟူသော ကမ်းလှမ်းမှုနှင့်အတူ ပဏာမတွေ့ဆုံဆွေးနွေးမှုများကို စတင်နိုင်ခဲ့ကြသည်။

ကိုးကန့်ဒေသ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အားကျလာကြသော 'ဝ'တိုင်းရင်းသားခေါင်းဆောင်များကလည်း တပ်မတော်အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း ဆက်သွယ်မှုများအရ ပဏာမဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပြန်သည်။

တစ်ဖန် ကိုးကန့်ဒေသနှင့် 'ဝ'ဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လာမှုကို အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကလည်း အားကျလာပြီး ကမ်းလှမ်းလာခဲ့ကြရာ –

ကျိုင်းတုံဒေသ မိုင်းမ၊ မိုင်းလား အခြေပြုကော် (၈၁၅)မှ ဦးစိုင်းလင်း (ခ) ဦးလီမိရှဲအဖွဲ့၊

ဦးဆေးထင် ခေါင်းဆောင်သည့် SSA ရှမ်းအဖွဲ့၊

ဦးမထုနော် ခေါင်းဆောင်သည့် KDA ကချင်အဖွဲ့၊

ဦးစခုန်တိန်ရိမ်း ခေါင်းဆောင်သည့် ဗကပ (၁၀၁)အဖွဲ့၊

ဦးအိုက်မုန်း ခေါင်းဆောင်သည့် ပလောင်အဖွဲ့၊

ဦးအောင်ခမ်းထီ ခေါင်းဆောင်သည့် ပအိုဝ်းအဖွဲ့၊

ဦးတာကလယ် ခေါင်းဆောင်သည့် ပအိုဝ်းအဖွဲ့၊

ဦးခူထဲဘူးဖဲ ခေါင်းဆောင်သည့် KNPP အဖွဲ့၊

ဦးထွန်းကျော် ခေါင်းဆောင်သည့် ကယားအဖွဲ့၊

ဦးသန်းစိုးနိုင် ခေါင်းဆောင်သည့် ကယန်းအဖွဲ့၊

ဦးဂေဘရယ်ပြန်၊ ဦးဌေးကို ခေါင်းဆောင်သည့် ပဒေါင်အဖွဲ့၊

ဦးနိုင်ရွှေကျင် ခေါင်းဆောင်သည့် မွန်ပြည်သစ်ပါတီအဖွဲ့၊

**စာမျက်နှာ ၇ သို့**

**✧ မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်းကား ပို၍ပင် ခက်ခဲကြမ်းတမ်းလှသည်။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ဆိုသလို ပို၍ နက်နဲခက်ခဲ ရှုပ်ထွေးလွန်းလှသည်။ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသော လက်နက်ကိုင်အဖွဲ့အစည်းများက တစ်ဖွဲ့၊ နှစ်ဖွဲ့ မက။ သတင်းစာဆရာကြီး မိုးကြိုးဦးအုန်းခင်က လွတ်လပ်ရေးရခါစ ပါလီမန်ဒီမိုကရေစီခေတ်၏ သရုပ်သကန်ကို "ခက်ဖွယ်ရယ်စုံညီ လက်နက်ကယ် အစုံအညီနှင့်" ဟူ၍ပင် သတင်းစာတွင် ခေါင်းပေးရေးသားခဲ့ရသည်အထိ အဖွဲ့ပေါင်းက မျိုးစုံလှသည်။**

**✧ မည်သို့ဆိုစေ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးအဖြေရှာခဲ့ကြ**

✪ စာမျက်နှာ ၆ မှ

ဦးနိုင်စိုက်ချမ်း ခေါင်းဆောင်သည့် မွန်ခွဲထွက်အဖွဲ့၊

ဦးစောထွန်းဦး ခေါင်းဆောင်သည့် ရခိုင်ပြည်နယ် ဗကပအဖွဲ့၊

ဦးခွန်ဆာ ခေါင်းဆောင်သည့် ရှမ်းပြည်တပ်မတော် (အပြီးပိုင် လက်နက်စွန့်လွှတ်သည့်အဖွဲ့)တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ရှေ့ဆင့်နောက်ဆင့်ကျင်းပနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပါသည်။

သို့ရာတွင် ကေအိုင်အေ ကချင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ ကေအင်န်ယူ ကရင်တိုင်းရင်းသားအဖွဲ့အစည်းနှင့် အချို့အဖွဲ့ငယ်များ ဥပဒေဘောင်အတွင်းဝင်ရောက်လာရန် ကျန်ရှိသေးသဖြင့် တပ်မတော်အစိုးရသည် ထိုးစစ်ဆင်မှုများကို ရပ်ဆိုင်းထားပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများ ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရမည့်နေရာဌာန (CONTACT POINT)များ သတ်မှတ်ကာ စိတ်ရှည်စွာကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ကေအိုင်အေအဖွဲ့နှင့် ဆွေးနွေးပွဲများအကြိမ်ကြိမ်ပြုလုပ်ပြီး ၁၉၉၄ ခုနှစ်မှသာ ငြိမ်းချမ်းရေးဆွေးနွေးမှုများအောင်မြင်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပါသည်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလအတွင်း ဗိုလ်ချုပ်မြနှင့် ဦးထိန်မောင်တို့၏ ငြိမ်းချမ်းရေးကမ်းလှမ်းလာမှုနှင့်အတူ တပ်မတော်အစိုးရနှင့် ကေအင်န်ယူအဖွဲ့တို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စတင်နိုင်ခဲ့ကြသည်။ ၁၉၉၄ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ရပ်ဆိုင်းသွားခဲ့သော်လည်း ၁၉၉၅ ခုနှစ်မှစတင်၍ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကေအင်န်ယူဥက္ကဋ္ဌ ဦးစောဘိုမြ၊ ဦးထိန်မောင်၊ ဦးတူးတူးလေး၊ ဦးဒေးဗစ်ထော၊ ဦးစောဂျော်နီတို့ခေါင်းဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ဘန်ကောက်မှတစ်ဆင့် ရန်ကုန်မြို့သို့ တပ်မတော်အထူးလေယာဉ်ဖြင့် ကိုယ်တိုင်ကိုယ်ကျလာရောက်ပြီး နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့ရာ တိုးတက်ဖြစ်ထွန်းမှု ရလဒ်ကောင်းများ ရရှိခဲ့ကြသည်။ သို့သော် ကေအင်န်ယူ ဥက္ကဋ္ဌကြီး ဦးစောဘိုမြသည် ကျန်းမာရေးချို့ယွင်းမှုကြောင့် ငြိမ်းချမ်းရေး မရယူနိုင်ခင်မှာပင် ကွယ်လွန်သွားခဲ့ရှာပါသည်။

**ရလဒ်ကောင်းများရရှိခဲ့**

ဤသို့ဖြင့် တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန်နားလည်ယုံကြည်မှု၊ လေးစားမှု၊ ညီရင်းအစ်ကိုကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြောဆိုဆွေးနွေးမှုများကြောင့် ဆွေးနွေးမှုများမှာ တိုးတက်ဖြစ်ထွန်းမှု ရလဒ်ကောင်းများရရှိခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူပြီးနောက်တွင် တပ်မတော်အစိုးရသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအပါအဝင် အစစအရာရာခေတ်နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းသားခေါင်းဆောင်များကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြ၍ အချို့ဒေသများမှာ ငါးနှစ်၊ ဆယ်နှစ်အတွင်း ရွာအဆင့်မှခေတ်မီမြို့အဆင့်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။

တကယ်တော့ တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးတည်ဆောက်မှုများမှာ အလွယ်တကူဖြစ်ပေါ်တိုးတက်လာခဲ့ခြင်းမဟုတ်ပေ။ မတူညီသော သဘောထား၊ ခံယူချက်များအပေါ် ဘုံသဘောတူညီချက်ရရှိရန် အကြိမ်ကြိမ်အထပ်ထပ် အချိန်ယူဆွေးနွေးညှိနှိုင်းခဲ့ကြရသည်။ နှစ်ဦးနှစ်ဖက် ရိုးသား

> **“မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်းကို ပြန်ပြောင်းကြည့်လျှင် လင်းတစ်လှည့် မှိန်တစ်လှည့်၊ နီးသယောင် ဝေးသယောင်ယောင် တွေ့မြင်ကြရပါမည်။ မည်သို့ဆိုစေ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုများကြောင့် လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ရသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် နိုင်ငံတော်အစိုးရအဆက်ဆက်သည် သမိုင်း၏အမွေအဖြစ်ခံယူပြီး သမိုင်းပေးတာဝန်အရ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်”**

ဖြူစင်မှုကိုအခြေခံ၍ ယုံကြည်မှုတည်ဆောက်ခဲ့ကြရပါသည်။ အနှောင့်အယှက်အတားအဆီးများကိုလည်း ကြံ့ကြံ့ခံ သည်းခံနားလည်ပေးရပါသည်။

အထူးသဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနေစဉ်အတွင်း ပြည်ပစွက်ဖက်မှုပယောဂများ ဝင်ရောက်လာ၍ ဆွေးနွေးပွဲရပ်ဆိုင်းခဲ့မှုများ ဖြစ်ပေါ်လာခဲ့သေးသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ မော်ဝန်းသား ဦးခင်ညွန့်(ဗိုလ်ချုပ်ကြီးဟောင်း)က “ကြုံတွေ့ခဲ့ရကျွန်တော့်ဘဝအထွေထွေ” စာအုပ်တွင် **“၁၉၉၇ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့မှ ၁၄ ရက်အထိ KNU မှ ဦးဆောင်ကာ DAB နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လျက် အမေရိကန်နိုင်ငံအဖွဲ့အစည်းတစ်ခုက ကမကထပြု၍ မဲသရောတွင် အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပါသည်။ အမှန်ကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်မဖြစ်ထွန်းအောင်၊ ငြိမ်းချမ်းရေးကိစ္စအကောင်အထည်မပေါ်အောင် အမေရိကန်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုတစ်ရပ်ဖြစ်ပါသည်။ အစည်းအဝေးအမည်က တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲ (ETHNIC NATIONALITIES SEMINAR) ဖြစ်ပါသည်။ အမေရိကန်နိုင်ငံအဖွဲ့အစည်းတစ်ခုက အကုန်အကျခံကာ ကမကထပြုလျက် ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသွားကြသည်ကို တွေ့ရပါသည်။ အစည်းအဝေးအပြီး ကြေညာချက် ထုတ်ပြန်ရာတွင် အမျိုးသားညီလာခံကို အသိအမှတ်မပြုကြောင်း၊ ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုနှင့် အစိုးရအဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးမှုပြုလုပ်ရန်၊ အာဆီယံအဖွဲ့ဝင်အဖြစ် လက်မခံသေးဘဲ ဆိုင်းငံ့ထားရန်၊ ဒီမိုကရေစီနှင့် လူထုတိုက်ပွဲကို ထောက်ခံကြောင်း စသည့်အချက်များ ပါဝင်ပါသည်။**

**ဤကဲ့သို့ မဲသရောဆွေးနွေးပွဲပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများလည်း ရပ်ဆိုင်းသွားပြီး KNU မှ စစ်ရေးလှုပ်ရှားမှုများပင် ပြန်လည်လုပ်ဆောင်လာခဲ့တာကို တွေ့ရပါသည်”** စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။ ထိုသို့အနှောင့်အယှက် အခက်အခဲ အတားအဆီးများကြားမှပင် တပ်မတော်အစိုးရသည် ယခင်အစိုးရအဆက်ဆက် မဆောင်ရွက်နိုင်ခဲ့သည့် ငြိမ်းချမ်းရေး ရလဒ်ကောင်းများကို အောင်မြင်စွာ ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပါသည်။

**သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် သမ္မတဦးသိန်းစိန်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရန် ဖိတ်ခေါ်ခဲ့ပြန်ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ပြီး တစ်စတစ်စ တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အရေအတွက်လည်း (၁၆)ဖွဲ့အထိ တိုးတက်လာခဲ့သည်။ ယင်းတို့အနက် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြုတပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) စုစုပေါင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့်သဘောတူညီချက်ရရှိကာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၌ သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

သို့ရာတွင် NCA စာချုပ်တွင် ကိုယ်တိုင်ပါဝင်ရေးဆွဲသဘောတူညီခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှာမူ စာချုပ်တွင်လက်မှတ်ရေးထိုးသောအခါ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။

**နိုင်ငံရေးတောင်းဆိုလှုပ်ရှားမှုများ စတင်ရိုက်ခတ်**

ထိုသို့ပါဝင်လာခြင်းမရှိသည့် အကြောင်းရင်းနှင့်ပတ်သက်၍ ထိုစဉ်က ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက “ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန်” စာအုပ်တွင် **“တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၁၆ ဖွဲ့နှင့် ဆွေးနွေးခဲ့ပြီး အားလုံး၏သဘောတူညီမှုဖြင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အချောသပ်နိုင်ခဲ့ပါသည်။ ပါဝင်ရေးဆွဲသူအားလုံး သဘောတူညီမှုရရှိကာ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုနိုင်ခဲ့ပါသည်။ ဤအချက်ကို ရှင်းလင်းရခြင်းမှာ နောက်ပိုင်းတွင် NCA စာချုပ်တွင် ကိုယ်တိုင်ပါဝင်ရေးဆွဲသဘောတူညီခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က စာချုပ်တွင်လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ခြင်းမှာ စာချုပ်တွင်ပါရှိသော အကြောင်းအရာ၊ အချက်အလက်များကြောင့် မဟုတ်ဘဲ ၎င်းတို့၏နိုင်ငံရေးရွေးချယ်မှုကြောင့်သာ ဖြစ်သည်”**ဟု ရေးသားခဲ့ပါသည်။

ထို့အတူ ငြိမ်းချမ်းရေးကြိုးပမ်းမှုများ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ကြုံတွေ့ခဲ့ရသည့်အခက်အခဲ၊ အတားအဆီးများနှင့်ပတ်သက်၍လည်း **“KIA တစ်ဖွဲ့သာ ကျန်ရှိချိန်တွင် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှု အောင်မြင်လုလုဖြစ်မည့်အခြေအနေဖြစ်ရာ အဖျက်သမားများရောဖျာခင်းလိုသူများပါ အိပ်ရာမှ နိုးလာကြပါတော့သည်။**

**ကေအိုင်အိုနှင့် ဆွေးနွေးမှုစတင်ပြုလုပ်သည်နှင့်တစ်ပြိုင်နက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သက်ဆိုင်သူအားလုံးပါဝင်ရမည်ဆိုသော နိုင်ငံရေးတောင်းဆိုလှုပ်ရှားမှုများ စတင်ရိုက်ခတ်လာပါတော့သည်”**ဟူ၍ ရေးသားခဲ့ပါသည်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ NLD အစိုးရလက်ထက်တွင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအမည်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)နှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့အထိ ရှိလာခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း ယခင်အစိုးရအဆက်ဆက်နည်းတူ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သမိုင်းပေးတာဝန်အရ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် အဓိကအခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့အပေါ် ခိုင်ခိုင်မာမာရပ်တည်ချက်နှင့်အတူ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။

ယနေ့အထိ NCA စာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၃)ဖွဲ့တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့် ရလဒ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါသည်။

**လင်းတစ်လှည့် မှိန်တစ်လှည့်**

ဤသို့ဖြင့် မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်းကို ပြန်ပြောင်းကြည့်လျှင် လင်းတစ်လှည့် မှိန်တစ်လှည့်၊ နီးသယောင် ဝေးသယောင်ယောင် တွေ့မြင်ကြရပါမည်။ မည်သို့ဆိုစေ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုများကြောင့် လွတ်လပ်ရေးနှင့် အတူယှဉ်တွဲပေါ်ပေါက်လာခဲ့ရသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နိုင်ငံတော်အစိုးရ အဆက်ဆက်သည် သမိုင်း၏အမွေအဖြစ် ခံယူပြီး သမိုင်းပေးတာဝန်အရ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရပါမည်။

အဘယ်ကြောင့်ဆိုသော် တစ်ချိန်က ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများအပြင် ပြည်ပအင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် စစ်၏အနိဋ္ဌာရုံများကို နှစ်ပေါင်းများစွာ ခါးစည်းရင်ဆိုင်ကြုံတွေ့ခဲ့ကြသော လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့်ဒေသတွင်းနိုင်ငံများသည် လက်နက်ကိုင်ပဋိပက္ခများ ပြီးဆုံးချုပ်ငြိမ်းသွားသည်နှင့်အမျှ ငြိမ်းချမ်းရေးမှသည် သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အချိုးအကွေ့လမ်းကြောင်းတစ်ခုပေါ်သို့ ဦးတည်လျှောက်လှမ်းလျက်ရှိနေကြပြီဖြစ်သည်။

ရေသယံဇာတ၊ မြေသယံဇာတ၊ မြေပေါ်မြေအောက် သယံဇာတများပေါကြွယ်ဝပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျသော မြန်မာနိုင်ငံ အနေဖြင့်မူ မပြီးဆုံးသေးသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် အခြားဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်သင့်သလောက် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိဘဲ နောက်ကျကျန်ရစ်ခဲ့ရသည်။

သို့ဖြင့် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများပါ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအဝဝမှာ ဆက်လက်နှောင့်နှေးကြန့်ကြာနေဦးမည်ဖြစ်ရာ နိုင်ငံရေးသံဝေဂများရယူပြီး ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေ ဆက်လက်ကြိုးပမ်း တည်ဆောက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ် ၉၉၉၉ ဆူ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၉၉၉၉ ဆူအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၉၉၉၉ ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။



ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ ထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းခြင်းနှင့်ပတ်သက်၍ မုဒိတာပွားနိုင်စေရန်အတွက် အလှူရှင်စာရင်းကို ဖတ်ကြားကြေညာပြီး ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ ပင်တိုင်အလှူရှင် ဦးမျိုးအောင်က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့ ဖောင်တော်ဆိုက်ရောက်မည့်နေရာ ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားများ ညောင်ရွှေမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်၍ ဖောင်တော်ဆိုက်ရောက်မည့်နေရာ ပြုပြင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းလေးရေလယ်ဗိုလ်တဲသို့ သွားရောက်၍ ရေလယ်ဗိုလ်တဲတွင် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ပွဲတော်ကာလတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဒေသခံတိုင်းရင်းသားများ ၄၆ တက် လှေပြိုင်ပွဲ စတင်အစမ်းလှေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လှေပြိုင်အဖွဲ့သားများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ အင်းလေးရေလယ်ဗိုလ်တဲ အနားယူအပန်းဖြေမည့်နေရာများ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် အောက်တိုဘာ ၁၅ ရက် သီတင်းကျွတ်လဆန်း ၁ ရက်တွင် ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားများ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်၍ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရားများနှင့် သီတင်းသုံးတော်မူသည့် ပလ္လင်တော် သန့်ရှင်းစင်ကြယ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညို၍ ဘုရားအတွက် အလှူငွေများကို လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံမည့် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ကြွချီမည့် ကရဝိက်ဖောင်တော်၊ ဘုရားကြွချီရာတွင်ဆွဲမည့် ရာကျော်ဆွဲလှေများ၊



အင်းတိန်စံကျောင်းတော်သို့ ကြွချီမည့် ကရဝိက်ဖောင်တော် အသေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ ထပ်အိမ်ဂူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆန်များ လှူဒါန်းပေးကြပြီး ထပ်အိမ်ဂူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လက်ထောက်ဆရာတော် ဦးအာလောကထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်များ ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တာမွေမြို့နယ်၌ မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် (၁/၂၀၂၃) ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း ခြံအမှတ်(၂၅)ရှိ မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စည်သူက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များက မိတ်ဆက်စကား ပြောကြားသည်။




**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်အလုပ်အမှုဆောင်များက မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အနေဖြင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကာ မြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် ဇိနမာရ်အောင်ဘုရားဝင်း အတွင်း/အပြင်၌ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၏ စီမံကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာသန့်ရှင်းရေးဝန်ထမ်းများနှင့် ရေစီးရေလာဝန်ထမ်းများ၊ ပန်းဥယျာဉ်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်ပရဟိတလူမှုကူညီရေးအသင်းများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ခုတင်(၂၀၀)နှင့်အထက် ပြည်သူ့ဆေးရုံကြီးများနှင့် အထူးကုဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အဖြစ် "တိုင်းပြည်သာယာဝပြောရေး"နှင့် "စားရေရိက္ခာဖူလုံရေး"တို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များအတွက် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး လူမှုရေးဦးတည်ချက်၌ "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူများအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ရေး" ပါဝင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ဦးတည်ချက်များကို ပြည့်မီအောင် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူအားလုံး ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို သိရှိပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မွေးစမှ သေဆုံးသည်အထိ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု(Life cycle approach)ဖြင့် ဆောင်ရွက်လျက်ရှိရာ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိခင်ကလေးကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အလေးထားဆောင်ရွက်ရန်နှင့် မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှုများ လျော့ကျနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုများကို စနစ်တကျ ဆန်းစစ်မှု ဆောင်ရွက်နိုင်ရန်အတွက် Hospital Information System, Health Management Information System (HMIS) တို့ကို ပိုမိုအားကောင်းအောင် ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကို အကျိုးရှိစွာ စနစ်တကျဆောင်ရွက်ကြရန်နှင့် အဂတိကင်းရှင်းရေးအတွက် အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူများသိရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူရရှိနိုင်စေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြကြပြီး အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်းအသုံးပြုခကောက်ခံနေသည့်တိုးဂိတ်များနှင့် အဆောက်အဦဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်လမ်းပိုင်း)ပေါ်ရှိ နေပြည်တော်စီလမ်းဆုံတိုးဂိတ်၊ နေပြည်တော် မီနီတိုးဂိတ်၊ သာဂရတိုးဂိတ်၊ တောင်ငူတိုးဂိတ်၊ အုတ်တွင်းတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ဒရယ်မီးတိုးဂိတ်၊ ဘောနက်ကြီးတိုးဂိတ်၊ အမှတ်(၃)တိုးဂိတ်တို့မှ လမ်းအသုံးပြုခကောက်ခံနေမှု၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ သိုင်းချောင်း ရေလမ်းကြောင်း ထိန်းသိမ်းရန်အတွက် ရေကာတုတ်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု



နှင့် AC ကတ္တရာဖြင့် လမ်းပေါက်များ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဂိတ်များ၌ လမ်းအသုံးပြုခကောက်ခံရာတွင် ယာဉ်စာရင်းအရေအတွက်နှင့် ကောက်ခံရရှိငွေ မှန်ကန်စွာ စာရင်းရေးသွင်းရေး၊ ငွေကောက်ခံရရှိမှု ဖြတ်ပိုင်းများအား စနစ်တကျမှတ်တမ်းထားရှိရေး၊ တိုးဂိတ်များတွင် လမ်းအသုံးပြုခ ကောက်ခံမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေး (၁) အဆောက်အဦအထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန် ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ အဆောက်အဦ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သန်းနှင့် အင်ဂျင်နီယာချုပ် (လျှပ်စစ်) ဦးကြည်လှိုင်ဝင်းတို့က ဘဏ္ဍာငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၌ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး ဝန်ထမ်းကောင်းစိတ်ဓာတ်မွေးမြူပြီး တာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်း မှာကြားပြီး တင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်လုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်း သင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်လုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်မြို့တော်ဘဏ်လီမိတက်မှ သင်တန်းသား သင်တန်းသူ ၁၇၂ ဦး တက်ရောက်ကြပြီး လုပ်ငန်းတာဝန်မပျက် တက်ရောက်နိုင်ရေးအတွက် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် မအူကုန်းအားကစားဝင်းရှိ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် လက်ရွေးစင် လေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပမည့် ကမ္ဘာ့အဆင့် ကာယဗလဖိတ်ခေါ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ယှဉ်ပြိုင်ရာတွင် အားကစားစိတ်ဓာတ်အပြည့်နှင့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အေးမင်းထွန်း ဦးဆောင်၍ တပ်မတော်သားများ၊ ရဲမှူး ဘုန်းမောင်ရွှေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်နှင့် ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များစုပေါင်း၍ သံလွင်ဦးပန်းခြံတွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြစဉ်။

ဥမ္မာကျော်(ပြန်/ဆက်)



# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၅)
# (ဆောက်လုပ်ရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**“မိုခါ” နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များထဲတွင် ကြိုတင်ပြင်ဆင်မှုအပိုင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဟူ၍ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်ငြားလည်း ရခိုင်ပြည်နယ်အတွင်း မေလ ၁၄ ရက်နေ့က ဝင်ရောက်တိုက်ခတ်ခဲ့သော “မိုခါ” မုန်တိုင်းကို ရင်ဆိုင်ခဲ့ကြရာတွင် အချိန်ကာလ၊ ရာသီဥတုနှင့် လက်တွေ့မြေပြင်အခြေအနေတို့အရ အရေးပေါ်တုံ့ပြန်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အချိန်ကာလ ခွဲခြားဆောင်ရွက်၍ မရတော့ဘဲ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြရသည်ကို တွေ့မြင်ခဲ့ရပါသည်။ မုန်တိုင်းဝင်ရောက်ပြီးနောက် ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ရသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း အရေးပေါ်ကုသမှုများ ပြုလုပ်ပေးခြင်း၊ ဆေးရုံဆေးခန်းများရှိ လူနာများ အမိုးအကာအောက်သို့ ပြန်လည်ရရှိရေး၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်၊ ICU ခန်းမများ၊ ကျောက်ကပ်ဆေးသည့်စက်များ လေလုံမိုးလုံဖြစ်ရေးနှင့် လျှပ်စစ်မီးရရှိရေးစသည့် ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရသည်။ ဆေးရုံ၊ ဆေးခန်းအဆောက်အအုံများကို ချက်ချင်းပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြရသည်။

အချိန်ကာလနှင့် ရာသီဥတုဟု ကျွန်တော်ပြောရခြင်းမှာလည်း မိုခါမုန်တိုင်းဝင်ရောက်လာသည့် မေလသည် မိုးကြိုကာလ၊ တစ်နည်းပြောရလျှင် ရခိုင်ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးအတွက် မျိုးစပါးများစုဆောင်း၍ ထယ်ရေး၊ ထွန်ရေးပြင်ရတော့မည့်ကာလဖြစ်သည်။ ယင်းအချိန်မှာမှ မိုခါဝင်ရောက်လာခြင်းကြောင့် မျိုးစပါးများ ဆုံးရှုံးခြင်း၊ ကျွဲ၊ နွားများ ဆုံးရှုံးခြင်း၊ ရေငန်တားတာများ ကျိုးပေါက်ခြင်းတို့ဖြစ်ပေါ်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရသည်။ ပညာရေးဝန်ကြီးဌာနသည်လည်း ထိုနည်းတူစွာပင် ဇွန်လ ၁ ရက်နေ့၌ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အရေးပေါ်တုံ့ပြန်ခြင်းလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟူ၍ ခွဲခြားဆောင်ရွက်ရန် အချိန်ကာလကခွင့်မပြုတော့ပေ။ ပုံမှန်ထက် နှစ်ဆ၊ သုံးဆအားထည့်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရသည်။ အခြားသောဝန်ကြီးဌာနများဖြစ်သည့် လျှပ်စစ်စွမ်းအား၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးစသည့် ဝန်ကြီးဌာနတို့သည်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရင်း မိုခါကို တုံ့ပြန်နိုင်ခဲ့ကြပါသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများ မှာကြားစဉ်။

အဆိုပါဝန်ကြီးဌာနများထဲတွင် ပါဝင်သော ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့ပါသည်-

(က) ကျန်းမာရေးဝန်ကြီးဌာန၏ စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ အပါအဝင် သူနာပြုသင်တန်းကျောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပြည်နယ်အတွင်းရှိကျန်းမာရေးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊

(ခ) ကျောင်းများ အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တက္ကသိုလ်များ၊ နည်းပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် အထက်တန်းခွဲကျောင်းများကို ပြုပြင်တည်ဆောက်ပေးခြင်း၊

(ဂ) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ပေးခြင်း၊

(ဃ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သော ပြည်နယ်အတွင်း လမ်း/တံတားများ၊ အခြားအခြေခံအဆောက်အအုံများအား ပြန်လည်ပြင်ဆင်တည်ဆောက်ပေးခြင်း၊

(င) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စစ်တွေမြို့တွင်း ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။

**ကြိုတင်စုဖွဲ့၊ တာဝန်ခွဲဝေသတ်မှတ်**

မုန်တိုင်းသတင်းများ အတည်ပြုပြီးနောက် မိုခါမဝင်ရောက်မီ ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့မှစတင်ကာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၏ စီစဉ်ညွှန်ကြားမှုဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မုန်တိုင်းဝင်ရောက်ရန် ခန့်မှန်းထားသော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့၌ စက်ယာဉ်ယန္တရားစီးရေ ၂၁၀၀ ကျော်ကို စုဖွဲ့ထားရှိခဲ့ပါသည်။ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ တံတားများ ထိခိုက်ပျက်စီးနိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် ဘေလီတံတားများ အရေးပေါ်တည်ဆောက်နိုင်ရေး ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်း ၅၂၄၈ ပေ ကြိုတင်စုဆောင်းထားရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင်/မြို့နယ်များနှင့် လမ်း / တံတားအထူးအဖွဲ့များက စက်ယာဉ်ယန္တရား ၁၉၅ စီး၊ ဘေလီသံပေါင်ပေ ၆၈၀၊ လူအင်အား ၇၂၂ ဦး စုဖွဲ့ပြင်ဆင်ထားရှိခဲ့သည်။

၎င်းပြင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးအထူးအဖွဲ့များအပြင် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(MLCA)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်(MCEF)၊ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)၊ အခြားသောဆောက်လုပ်ရေးကန်ထရိုက်တာအဖွဲ့များ၊ မြို့မိမြို့ဖများက တာဝန်ယူ ပြင်ဆင်ပေးမည့်အဖွဲ့များ စသည်ဖြင့် စုဖွဲ့ဆောင်ရွက်ခဲ့ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့်အတူ မေလ ၁၅ ရက်နေ့တွင် ပြည်နယ်ပြည်သူ့ဆေးရုံကြီးအပါအဝင် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆောက်အဦအထူးအဖွဲ့ ငါးဖွဲ့နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်း သုံးသင်းတို့ကို လုပ်ငန်းများ အမြန်စတင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းမှာကြားခဲ့သည်။

စစ်တွေမြို့ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ အဆောက်အအုံ ၉၀ ကို အဆောက်အဦအထူးအဖွဲ့ငါးဖွဲ့က တာဝန်ယူပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။ ကျန်မြို့နယ် ၁၆ မြို့နယ်အတွင်းရှိ ဆေးရုံများ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲများမှ အဆောက်အအုံ ၂၄၉ လုံးကို မြို့နယ်ဆရာဝန်များ၏ ကြီးကြပ်မှုဖြင့်လည်းကောင်း၊ အဆောက်အအုံ ၁၆၈ လုံးကို MLCA၊ MCEF အသင်းတို့ကို တာဝန်ခွဲဝေ၍ လည်းကောင်း ပြင်ဆင်ဆောင်ရွက်စေကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြပါသည်။ **စာမျက်နှာ ၁၁ သို့** ○

> **မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ တံတားများ ထိခိုက်ပျက်စီးနိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် ဘေလီတံတားများ အရေးပေါ်တည်ဆောက်နိုင်ရေး ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်း ၅၂၄၈ ပေ ကြိုတင်စုဆောင်းထားရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင် / မြို့နယ်များနှင့် လမ်း / တံတားအထူးအဖွဲ့များက စက်ယာဉ်ယန္တရား ၁၉၅ စီး၊ ဘေလီသံပေါင်ပေ ၆၈၀၊ လူအင်အား ၇၂၂ ဦး စုဖွဲ့ပြင်ဆင်ထားရှိခဲ့**



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စစ်တွေမြို့တွင်း ရှင်းလင်းရေး ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

○ စာမျက်နှာ ၁၀ မှ

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၏ ကျောက်ကပ်ဆောင်၊ သွေးလှူဘဏ်၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်လူနာဆောင်၊ ငှက်ဖျားတိုက်ဖျက်ရေးရုံး၊ မွေးခန်းနှင့် မွေးလူနာဆောင်၊ အောက်ဆီဂျင်စက်ရုံ၊ ဆေးသိုလှောင်ရုံ၊ ငါးထပ်ဆောင်အသစ်၊ ကိုဗစ်လူနာကုသဆောင်၊ CT Scan ဆောင်၊ တီဘီလူနာဆောင်များနှင့် ဆေးရုံဝန်ထမ်းအိမ်ရာများအပါအဝင် အဆောက်အအုံပေါင်းများစွာကို အမြန်ပြုပြင်ပေးခဲ့သည်။ သူနာပြုသင်တန်းကျောင်းတွင်လည်း နှစ်ထပ်စာသင်ဆောင်၊ သင်တန်းသူအိပ်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ နှစ်ထပ်အိပ်ဆောင်ဟောင်း၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင်၊ သားဖွား L-Shape တစ်ထပ်စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာ သုံးထပ်ဆောင်၊ သားဖွားနှစ်ထပ်စာသင်ဆောင်၊ နှစ်ခန်းတွဲ သုံးထပ် RC ဝန်ထမ်းအိမ်ရာ၊ သားဖွားသင်တန်းသူ ၁၀၀ ဆံ့ နှစ်ထပ် RC အိပ်ဆောင် စသည်တို့ကို မွမ်းမံပြုပြင်ပေးခဲ့ရသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆေးသိုလှောင်ရုံ၊ အအေးခန်း ဆေးသိုလှောင်ရုံ၊ ပြည်သူ့ကျန်းမာရေးမှူးရုံး အမှတ် (၁) နှင့် (၂)၊ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ၊ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ၊ မိခင်နှင့် ကလေးကျန်းမာရေးအဆောက်အအုံ၊ မင်းဂံဒေသန္တရ ကျန်းမာရေးဆေးပေးခန်းတို့ကို ပြုပြင်ပေးခဲ့သည်။ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပြည်နယ်တိုင်းရင်းဆေး ပင်မဆေးရုံ၊ တိုင်းရင်းဆေး နှစ်ထပ်တိုးချဲ့ဆေးရုံ၊ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အမှတ် (၁) နှင့် (၂)၊ လေးခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာ၊ တိုင်းရင်းဆေး ဆေးရုံအုပ်ကြီးနေအိမ်၊ လူနာစားဖိုဆောင် စသည်တို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။



စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်ရှိ သဲချောင်းတံတားအား ပြန်လည်တည်ဆောက်ထားမှုကို တွေ့ရစဉ်။

**တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ ပြင်ဆင်ဆောင်ရွက်**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဇွန်လ ၁ ရက်နေ့၌ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက လိုက်နာဆောင်ရွက်လျက်ရှိရာ ၎င်းရည်မှန်းချက် အောင်မြင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သည့် ကူညီပံ့ပိုးဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။ တက္ကသိုလ်သုံးခုဖြစ်သော စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ အဆောက်အအုံ ၆၉ လုံး၊ အစိုးရနည်းပညာအထက်တန်းကျောင်းမှ အဆောက်အအုံ ၁၈ လုံး စုစုပေါင်း ၈၇ လုံးကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (MLCA)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF)တို့က တာဝန်ခွဲဝေ ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသည် အထက်တန်းကျောင်း ၂၉ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၄ ကျောင်းကို တာဝန်ယူပြုပြင်ဆောင်ရွက်ခဲ့ပြီး MLCA သည် အထက်တန်းကျောင်း ၂၇ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၄၀ ကိုလည်းကောင်း၊ MCEF သည် အထက်တန်းကျောင်း ၃၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၈ ကျောင်းကိုလည်းကောင်း၊ MDA သည် အထက်တန်းကျောင်း ၁၂ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၀ ကိုလည်းကောင်း တာဝန်ယူပြုပြင်ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ၂၉၅ ကျောင်း ဖြစ်ပါသည်။ အခြေခံပညာမူလတန်း၊ အခြေခံပညာအလယ်တန်းကျောင်းအားလုံးကိုမူ ပညာရေးဝန်ကြီးဌာနကပင် တာဝန်ယူတည်ဆောက်ပြုပြင် မွမ်းမံဆောင်ရွက်ပေးခဲ့သည်။

**ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ ပြုပြင်**

မိုခါမုန်တိုင်းဒဏ်ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်များ၏ ခေါင်မိုးများ ပျက်စီးခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်ပေးခဲ့သည်။ ၎င်းအဆောက်အအုံများနှင့်အတူ ပြတိုက်ဝင်းအတွင်းရှိ အရာထမ်းနေအိမ်၊ အမှုထမ်းနေအိမ် ခုနစ်လုံးကိုပါ အဆောက်အဦ အထူးအဖွဲ့က ပြန်လည်ပြုပြင်ပေးခဲ့သည်။

**လမ်း/ တံတားများ ပြုပြင်တည်ဆောက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် မေလ ၁၉ ရက်နေ့တွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ သွားရောက်ခဲ့ကြသော ဒုတိယဝန်ကြီး လေးဦးထဲမှ တစ်ဦးဖြစ်သည်။ ဦးဝင်းဖေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စာရေးသူကျွန်တော်တို့ ပါဝင်ပါသည်။ ဦးဝင်းဖေ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အထက်ဖော်ပြပါ ပညာ၊ ကျန်းမာ အဆောက်အအုံများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နေသကဲ့သို့ မူလလုပ်ငန်းတာဝန်ဖြစ်သော လမ်း/ တံတားပျက်စီးမှုများကို ပြုပြင်၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဇွန်လ ၄ ရက်နေ့မှ ၂၃ ရက်နေ့ထိလည်းကောင်း၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့ထိလည်းကောင်း လာရောက်နေထိုင် ကွပ်ကဲစီမံဆောင်ရွက်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်ရှိ ပေ ၁၀၀ သဲချောင်းတံတားကို ပေ ၁၄၀ ဘေလီတံတား တည်ဆောက်ပေးခြင်း၊ ပေ ၄၀ ဒါးပိုင်တံတားကို ပေ ၆၀ ဘေလီတံတား တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်စဉ်ကာလ၌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်ကို အမှတ်ရမိသည်။

**မြို့တွင်းရှင်းလင်းရေးလုပ်ငန်းများကူညီ**

မိုခါမုန်တိုင်းဒဏ်ကြောင့် မြို့နယ် ၁၀ မြို့နယ် ဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ပေါ်ခဲ့သည်။ မြို့တွင်းရှင်းလင်းရေးလုပ်ငန်းများကို တာဝန်ပေးထားသည့် တပ်မတော်အရာရှိကြီးများက ကြီးကြပ်၍ ဆောင်ရွက်ခဲ့သည်။ စစ်တွေမြို့တွင်လည်း လာရောက်ကြီးကြပ်ကွပ်ကဲနေသော ပြည်ထောင်စုဝန်ကြီးများက ဦးဆောင်၍ မြို့တွင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဌာနပိုင် ယာဉ်၊ ယန္တရားအစီး ၂၀ ပူးပေါင်းပါဝင် အားဖြည့်ကူညီဆောင်ရွက်ခဲ့သည်။ မေလ ၁၇ ရက်နေ့တွင် မြို့တွင်းလမ်းအားလုံးကို တစ်လမ်းသွား ဖွင့်ပေးနိုင်ခဲ့ပြီး မေလ ၂၁ ရက်နေ့၌ မူလလမ်းအကျယ်အတိုင်း သွားလာနိုင်ရေး ရှင်းလင်းဖယ်ရှား ဆောင်ရွက်နိုင်ခဲ့ပါသည်။




စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် သင်္ဘောကြီးများပေါ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းများကို ချထားစဉ်။

**စစ်တွေကမ်းခြေပတ်လမ်း ပြုပြင်မှု**

စစ်တွေ Viewpoint မှ စစ်တွေဟိုတယ်အထိ ကမ်းခြေပတ်လမ်းသည် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့သည်။ ယင်းလမ်းသည် စစ်တွေမြို့၏ အထင်ကရနေရာ၊ မြို့သူမြို့သားများ Super Sunday တွင် အပြည့်အဝ အပန်းဖြေနားနေရာ နေရာတစ်ခုဖြစ်ခဲ့သည်။ သို့ဖြစ်၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ယင်းလမ်းအား အမြန်ပြုပြင်ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့သည်။ ယင်းလမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ကြီးကြပ်၍ ပြုပြင်ဆောင်ရွက်မှုများ စတင်ခဲ့သည်။ လတ်တလော သွားလာနိုင်ရေးအတွက် အမာခံလမ်းရအောင် တည်ဆောက်ပေးခဲ့သည့်အပြင် ရေရှည်ကောင်းမွန်ရေးအတွက်ပါ အစီအမံများ ရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိပါသည်။ မုန်တိုင်းဒဏ်သင့် နေရာဒေသအားလုံးတွင် ပြန်လည်ပြုပြင် တည်ဆောက်ပေးသမျှ မူလအခြေအနေထက် သာလွန်ကောင်းမွန်ရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အေးချမ်းသာယာလှပသော ကမ်းခြေပတ်လမ်းတစ်ခုကို စစ်တွေမြို့သူမြို့သားများ ပိုင်ဆိုင်ခွင့်ရကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိသည်။

**ဒေသခံများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်**

'မိုခါ'မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရာတွင် ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြုပြင်တည်ဆောက်ပေးခဲ့သော ပညာရေးကဏ္ဍ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်သားဦးရေ ၁၈၉၅ ဦး၊ ကျန်းမာရေးကဏ္ဍ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်သားဦးရေ ၂၀၄၅ ဦး၊ အခြားလုပ်ငန်းများအတွက် လုပ်သားဦးရေ ၁၄၂ ဦး စုစုပေါင်း ၄၀၈၂ ဦးကို ရက်၊ လ အတန်ကြာသည်အထိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။

**MCEF မှ ဒေါ်မြသောင်းဝေ**

ရခိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေခိုက် အသိမိတ်ဆွေတစ်ဦး တိုးခဲ့သည်။ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် (MCEF) တွင် Project Coordinator အဖြစ် ဆောင်ရွက်နေသူ တူမမြသောင်းဝေဖြစ်သည်။ ဖခင်ဖြစ်သူမှာ နိုင်ငံကျော်စာရေးဆရာ သောင်းဝေဦးဟု လူသိများခဲ့သော ဗိုလ်မှူးကြီးသောင်းဝေ (ငြိမ်း) ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသောင်းဝေသည် ကျွန်တော်၏ယောက္ခမဖြစ်သူ ကြည်း ၁၀၉၅၃ ဒုတိယဗိုလ်မှူးကြီးကျော်လွင် (ကျဆုံး) နှင့်လည်း သိကျွမ်းခဲ့ဖူးသလို ကျွန်တော်၏ စာပေရေးသားခြင်းကိုလည်း အားပေးချီးမြှောက်ခဲ့သူဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့်မူ စာရေးဆရာ သောင်းဝေဦး (ခ) ဗိုလ်မှူးကြီးသောင်းဝေကို ၁၉၈၄ ခုနှစ်က ကျိုင်းတုံဒေသသို့ စစ်ဆင်ရေးထွက်ရင်း တပ်မ ၈၈ ၏ စစ်ဦးစီးမှူး(ဒုတိယတန်း)အဖြစ် စတင်မြင်ဖူးခဲ့ခြင်းဖြစ်၏။

ယခု သူ၏သမီးဖြစ်သူ တူမမြသောင်းဝေတို့အဖွဲ့သည် မိုးထဲရေထဲ၌ မြစ်ကူးချောင်းဖြတ်ကျော်၍ သွားကာ ရခိုင်ဒေသ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ မြို့နယ်တို့အတွင်းက ကျောင်းများ အချိန်မီဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေချိန်၊ အလုပ်သမား ရှားပါးနေချိန်၊ အစားအသောက် အနေအထိုင် ကျပ်တည်းနေချိန်တွင် စေတနာရှေ့ထားဆောင်ရွက်ပေးခဲ့ကြသော MCEF၊ MLCA၊ MDA အသင်းမှ တာဝန်ရှိသူများ၊ အသင်းဝင်များအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**"မိုခါ" ဆောင်းပါးများနှင့်စပ်လျဉ်း၍**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာ ဆောင်းပါးများ ရေးသားတင်ပြခဲ့ရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်ပါတော့မည်ဖြစ်ကြောင်း ဖော်ပြခဲ့ဖူးပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနက မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေတော့မည်ဖြစ်ရာ အချိန်ကန့်သတ်ချက်ရှိသဖြင့် ယင်းသို့ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ယခု အချိန်အနည်းငယ်ရဦးမည် ဖြစ်၍ ကျန်ရှိနေသော ဝန်ကြီးဌာန နှစ်ခုထဲမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြိုးပမ်းစွမ်းဆောင်မှုများကို ဂုဏ်ပြုရေးသားလိုက်ခြင်းဖြစ်ပါသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရေးသားတင်ပြပါဦးမည်။ ။



## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း Y.M.B.A(ဗဟို)မှမင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော် လှူဒါန်းပူဇော်ခြင်းခံရသည့် ရခိုင်ပြည်နယ်မှ ဆရာတော်ကြီး ကိုးပါးတို့အား အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၇

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း Y.M.B.A (ဗဟို)မှ မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော် လှူဒါန်းပူဇော်ခြင်းခံရသည့် ရခိုင်ပြည်နယ်မှ ဆရာတော်ကြီး ကိုးပါးတို့အား မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော် မြတ်ကြီးဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း Y.M.B.A (ဗဟို)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့ ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်က သမ္ဗောဓနီယ သြဝါဒ ကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း Y.M.B.A (ရခိုင်ပြည်နယ်) ဥက္ကဋ္ဌက မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး ကိုးပါးတို့အား ၂၀၂၃ ခုနှစ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း Y.M.B.A (ဗဟို)မှ ဆက်ကပ်လှူဒါန်းပူဇော်သော မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့ မြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစရဏထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက် သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Mercury Force ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှပေးပို့သည့် သံချောင်း ၅၀၄ ဒသမ ၇၈ တန်၊ အမိုးသွပ် ၄၀၀၀၀၊ ခေါင်အုပ်သွပ် ၂၈၀၀၂ ချပ်၊ Lip Channel တန် ၁၅၀၊ Light Weight အုတ် အလုံး ၂၆၀၀၀၊ သစ်ခွဲသား ဆိုဒ်စုံ ၈၀ ဒသမ ၃၇ တန်၊ ဆေးနှင့် ဆေးပစ္စည်း ၃ ဒသမ ၈၈ တန်နှင့် လုပ်ငန်းသုံးယာဉ် သုံးစီး စုစုပေါင်း တန်ချိန် ၁၃၄၇ ဒသမ ၀၃ တန်ကိုလည်းကောင်း၊ MV Weru Pack Kha ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၃၆၀၀၀ နှင့် သံပြား တန် ၁၀၀ စုစုပေါင်း တန်ချိန် ၁၉၀၀ ကိုလည်းကောင်း တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်



## သုံးခွမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်

သုံးခွ အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ယနေ့ နံနက် ၁၀ နာရီက ပုလဲကျေးရွာအုပ်စု အုန်းနဲ့ကုန်းကျေးရွာတွင် ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကိုကိုခိုင်က မြေပြင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းပို့ချပြီး တိရစ္ဆာန်ကောင်ရေ မြေပြင်လက်တွေ့စာရင်းကောက်ယူခြင်းနှင့် ရရှိလာသော စာရင်းများအား Commcare app ဖြင့် ရေးသွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဇွန် ၂၆ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် မြန်မာ့သစ်လုပ်ငန်း၌ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီစိုးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာစေပြီး ဇီဝဆိုင်ရာ အချက်အလက် စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်းသိရသည်။

ဉာဏ်ဟိန်း

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကလောမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ကလော အောက်တိုဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက် ၇ နာရီခွဲက ကလောခရိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဦးစီးတပ်ဖွဲ့ဝင်များ၊ ကလောတပ်နယ်အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာများ ပါဝင်သည့်အဖွဲ့တို့က ကလောမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံ၊ နွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကလောတပ်နယ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘောဒီးယားနိုင်ငံက ပထမကိုးလအတွင်း ဆန်စပါးတင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်းဝင်ငွေရရှိ

ဖနောင်ပင် အောက်တိုဘာ ၇

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ကိုးလ တာကာလအတွင်း ဆန်စပါးတင်ပို့မှု တန်ချိန် ၄၅၆၅၈၁ တန်ရှိခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယား နိုင်ငံ ဆန်စပါးအသင်းချုပ်က ယနေ့တွင် ပြောကြား သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ နိုင်ငံနှင့် ဒေသပေါင်း ၅၇ခုအား ဆန်စပါးများ တင်ပို့နိုင်ခဲ့ကြောင်း အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက ဆန်စပါးအဓိက တင်ပို့ခဲ့သည့် နိုင်ငံများစာရင်းတွင် တရုတ်နိုင်ငံက ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမကိုးလ တာကာလအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၁၅၅၃၆၆ တန်တင်ပို့နိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၆ သန်း ဝင်ငွေရရှိခဲ့ကြောင်းလည်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ဆန်စပါးတန်ချိန် ခုနစ်သိန်းတင်ပို့နိုင်ရန် မျှော်လင့် ထားပြီး တရုတ်နိုင်ငံသည် အဓိကဈေးကွက်ဖြစ် ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ချန်ဆုတ်အန်က ပြောသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှုကြောင့် ၄၉၆ ဦးသေဆုံး

ဒါကာ အောက်တိုဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့်လအတွင်းက ကားလမ်း၊ မီးရထားလမ်းနှင့် ရေလမ်းကြောင်းတို့တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများကြောင့် လူဦးရေစုစုပေါင်း ၄၉၆ ဦး သေဆုံးခဲ့ကြောင်းနှင့် အခြားသော ၆၈၁ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကားလမ်းများတွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု ၄၀၂ မှုတွင် လူပေါင်း ၄၁၇ ဦး သေဆုံးခဲ့ကြောင်း နှင့် ၆၅၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရီးသည် သက်သာချောင်ချိရေးအသင်းက ပြောသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အဆိုပါကာလ အတွင်း မီးရထားလမ်းနှင့် စပ်လျဉ်း၍ မတော်တဆ မှုများကြောင့် ၅၁ ဦးသေဆုံးခဲ့ကြောင်းနှင့် ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် ရေလမ်းကြောင်းတွင် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုကြောင့် ၂၈ ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကာ သုံးဦးပျောက်ဆုံး ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်





# စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၁၀၉၇၁ ဦး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

ကဘူး အောက်တိုဘာ ၇

စက်တင်ဘာ ၁ ရက်မှ လက်ရှိအချိန်အထိ အာဖဂန်နစ္စတန်နိုင်ငံသို့ နေရပ်ပြန်လာသည့် စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၁၀၉၇၁ ဦးခန့်ရှိ ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR)၏ အစီရင်ခံစာအရ သိရသည်။

၎င်းတို့အနက် ၉၆ ရာခိုင်နှုန်းသည် ပါကစ္စတန် နိုင်ငံမှဖြစ်ပြီး သုံးရာခိုင်နှုန်းမှာ အီရန်နိုင်ငံနှင့် ကျန် တစ်ရာခိုင်နှုန်းမှာ အခြားနိုင်ငံများမှ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းနေရပ်စွန့်ခွာသူ ၅၁၅၀ ခန့် သည် အာဖဂန်နစ္စတန်နိုင်ငံရှိ ၎င်းတို့၏ မူလနေရာ များသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပဋိပက္ခများကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးသူ ၃ ဒသမ ၂၅ သန်းခန့်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၌ ခိုလှုံခွင့်တောင်းခံသူ ၅ ဒသမ ၂ သန်းရှိကြောင်း သိရသည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# နာဆာက သတ္တုပေါများသည့် ဆိုက်ခ်ီ ဂြိုဟ်သိမ်ဆီသို့ လေ့လာရေးမစ်ရှင် စီစဉ်လျက်ရှိ

ဝါရှင်တန် အောက်တိုဘာ ၇

နာဆာသည် ဆိုက်ခ်ီ ဂြိုဟ်သိမ်ဆီသို့ လေ့လာရေးမစ်ရှင်တစ်ခု ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတ္တုပေါများသည့် ဂြိုဟ်သိမ်တစ်ခု ကို လေ့လာမည့် ပထမဆုံးသော မစ်ရှင် ဖြစ်သည်။ ဆိုက်ခ်ီဂြိုဟ်သိမ်သို့သွားရောက် မည့် ခရီးစဉ်သည် နေအဖွဲ့အစည်းအတွင်း ရှိ ကျောက်ဆောင်၊ ကျောက်တုံးများ ဖွဲ့စည်းခြင်းအကြောင်း သိပ္ပံပညာရှင်များ အား ပိုမိုသိရှိနားလည်စေရန် ရည်ရွယ် ထားကြောင်း နာဆာက ပြောကြားသည်။

အာကာသယာဉ်ကို ဖလော်ရီဒါ ပြည်နယ်ရှိ နာဆာ၏ Kennedy Space Center မှ လာမည့် အောက်တိုဘာ ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။ ၎င်းသည် အင်္ဂါဂြိုဟ်နှင့် ဂျူပီတာကြားရှိ အဓိက ဂြိုဟ်သိမ်ခါးပတ်၏ အစွန်အဖျားရှိ သတ္တုကြွယ်ဝသော ဆိုက်ခ်ီဂြိုဟ်သိမ် ဆီသို့ မိုင်ပေါင်း ၂ ဒသမ ၂ ဘီလီယံခန့် သွားရောက်မည်ဖြစ်သည်။

အာကာသယာဉ်တွင် ရှေးဟောင်း သံလိုက်စက်ကွင်းတစ်ခု၏ အထောက် အထားကို ရှာဖွေမည့် သံလိုက်မီတာ အပါအဝင် ဆိုက်ခ်ီဂြိုဟ်သိမ်ကို စူးစမ်းရန် သိပ္ပံပညာရပ်သုံးကိရိယာများ ပါရှိသည်။ ဂမ်မာ-ရောင်ခြည်နှင့် နျူထရွန် spectrometer သည် ဂြိုဟ်သိမ်တွင် ပါဝင်သည့် ဓာတုဒြပ်စင်များကို စူးစမ်း လေ့လာရန် ကူညီပေးမည်ဖြစ်သည်။

ဆိုက်ခ်ီဂြိုဟ်သိမ်၏ တွင်းထွက် ပါဝင်မှုနှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်များကို လေ့လာနိုင်သည့် ရောင်စုံပုံရိပ်ဖော်စက် ကိရိယာများလည်း ပါဝင်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်နှင့် ဂျူပီတာကြားရှိ အဓိက ဂြိုဟ်သိမ်ခါးပတ်အတွင်းရှိ ဆိုက်ခ်ီ ဂြိုဟ်သိမ်သို့ အာကာသယာဉ်ရောက်ရှိ သည်နှင့်တစ်ပြိုင်နက် ၎င်းသည် ဂြိုဟ်ပတ် လမ်းအတွင်း ၂၆ လခန့် ကြာမြင့်က ဆိုက်ခ်ီဂြိုဟ်သိမ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရယူစုဆောင်းမည် ဖြစ်ကြောင်း နာဆာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# အမေရိကန်နည်းပညာကုမ္ပဏီ အမေဇုန် ဂြိုဟ်တုနှစ်စင်း အောင်မြင်စွာလွှတ်တင်

ဝါရှင်တန် အောက်တိုဘာ ၇

အမေရိကန်နည်းပညာကုမ္ပဏီ အမေဇုန်သည် လာမည့်နှစ်ကုန်တွင် အင်တာနက် ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဂြိုဟ်တုနှစ်စင်းကို ယမန်နေ့က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်တုများသယ်ဆောင်ထားသည့် ဒုံးပျံတစ်စင်းကို အမေရိကန်တောင်ပိုင်း ဖလော်ရီဒါပြည်နယ်ရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဂြိုဟ်တုလွှတ်တင်မှုသည် ကမ္ဘာလုံးဆိုင်ရာ အင်တာနက်လွှမ်းခြုံမှုနှင့် ချိတ်ဆက် မှုများကို ပိုမိုကောင်းမွန်လာစေရန်ဖြစ်ကြောင်း အမေဇုန်ကုမ္ပဏီက ပြောသည်။

ကုမ္ပဏီသည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာမြေမှ ကီလိုမီတာ ၆၀၀ အကွာသို့ ဂြိုဟ်တု ပေါင်း ၃၂၀၀ ခန့် လွှတ်တင်ရန် စီစဉ်ထားသည်။

လက်ရှိတွင် အီလွန်မက်စ်၏ SpaceX ကုမ္ပဏီမှလုပ်ဆောင်သော မြန်နှုန်းမြင့် အင်တာနက်ချိတ်ဆက်မှုဝန်ဆောင်မှုဖြစ်သည့် Starlink သည် ဂြိုဟ်တုပေါင်း ၅၀၀၀ ကျော်ကို လွှတ်တင်ထားသည်။ ၎င်းသည် အမေရိကန်၊ ဥရောပ၊ ဂျပန်နှင့် အခြားနေရာ များသို့ အင်တာနက်ကွန်ရက်ဝန်ဆောင်မှု ပေးလျက်ရှိသည်။

အလားတူ ပြင်သစ်နိုင်ငံ၏ Eutelsat Group သည် ဂြိုဟ်တုပေါင်း ၆၀၀ ကျော်ကို လွှတ်တင်ခဲ့သည်။

အမေဇုန်ကုမ္ပဏီ၏ ယခုဂြိုဟ်တုလွှတ်တင်ခြင်းကြောင့် နည်းပညာကုမ္ပဏီကြီး များအကြား ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာမည်ဟု မျှော်လင့်ရသည်။

ကိုးကား - အင်န်အီတီဗျူး၊ ဘာသာပြန် - အောင်ကျော်ကျော်

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ရေဝင်းကျေးရွာရှိ ချစ်ကိုကို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဂေါက်ကွင်း အဆင်းလမ်းတွင် လော်ဘီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး



စိုင်းအိုက်မွန်းနှင့် အိုက်ဆေ့တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးချက်အရ ည ၇ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖတ်ဟိ (အောက်)ကျေးရွာရှိ ၎င်းနေထိုင်သည့် နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၈ နာရီတွင် ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ် အနီးတွင် Express ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအုပ်စု ခါးသျှိကျေးရွာအနီးတွင် အိုက်ဆေ့ မောင်းနှင်ပြီး စိုင်းအိုက်မွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Tablet Battery ၄၀၊ Ferefit Smart Watch ၃၅ လုံး အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၉၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၆ ရက်က ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ကားတာယာအသစ် အလုံး ၇၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၃၆၄ တန်နှင့် သစ်မာ ၁၀ ဒသမ ၇၆၅ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၂၄၃၁၃၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၈၉၃၁၃၆)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၆ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်မြို့ အဝင် တံတားအနီး၌ မိတ္ထီလာမှ မန္တလေးသို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Vitamilk ပဲနို့ ၁၈၆၈၄ ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၄၇၂၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီးနှင့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ်



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

၅၈၃၄၇၂၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၆ ရက်က ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကြာဆံထုပ် ၁၅၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၆ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Construction Safety Net ကီလိုဂရမ် ၃၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်က ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၅၅၂၀၄၁၆)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွ င် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၀-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ ဘောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၃၅ | Economic Review |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၅ | ဘယ်သူမှန်လဲအပြိုင်ကြ |
| ၀၈:၃၅ | 19thAsian Games Daily Highlights(10) | ၁၈:၂၀ | (၁၉)ကြိမ်မြောက် အာရှအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု |
| ၀၉:၂၀ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၄) | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | 'သတင်းသမားပြောတဲ့သတင်းစကား' | ၂၁:၀၀ | ဘဝနှင့်အနုပညာ 'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်' 'ဒါရိုက်တာအောင်မြင့်မြတ်' (အပိုင်း-၄) |
| ၁၀:၃၀ | (၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်ဝန်ဖြူ အစီအစဉ် 'ရုပ်ရှင်ဇာတ်ဝင်တေးများ' ပျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် | ၂၁:၂၅ | ဆေးရောင်စုံရုပ်ရှင် 'မရှိမဖြစ်မိုး' (ရဲအောင်၊ စိုးမြတ်သူဇာ) |
| ၁၁:၃၅ | အသိပညာနှင့်အမှန်တရား | | |
| ၁၂:၃၀ | This Week's Special Interest | | |
| ၁၃:၁၅ | MRTV National News | | |
| ၁၃:၄၀ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ရွှေခြည်ငွေခြည်တန်းပါလို့' (ညွန့်ဝင်း၊ အောင်ဗိုလ်၊ ခင်ယုမေ၊ ချိုပြုံး) | | |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah) |
| 07:07 | Tapestry - A Unique Combination Of Painting and Craftsmanship |
| 07:27 | Marvelous Solo Cane Ball Playing |
| 07:45 | Beauties Of Makyee Island - Island Of Tamarind Tree |
| 08:01 | News |
| 08:27 | Star Bean Production |
| 08:46 | Farming: Duck Breeder |
| 09:02 | Commercial Farming to GDP Growth, Cassava Grower |
| 09:19 | Crocodile Keeper |
| 09:27 | Today Myanmar |
| 09:35 | Tastes of Home Land: Steamed Lobster |
| 09:42 | Robe Business in Ta Ma Ta Kaw |
| 10:01 | News |

**MRTV NRC**

မွန် (၀၆:၀၀ မှ ၀၈:၀၀)
ရာမညမြေမှ အလှူတရားများ (အပိုင်း-၂)

ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
သာယာရှုမောဖွယ်ရမ္မာမြေ

ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
ရှမ်းခေါက်ဆွဲချက်နည်း

ဝ (၁၂:၀၀ မှ ၁၄:၀၀)
ကွမ်းရွက်စိုက်ပျိုးခြင်း

ကချင် (၁၄:၀၀ မှ ၁၆:၀၀)
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

ကယား (၁၆:၀၀ မှ ၁၈:၀၀)
ခံတွင်းမြိန်စေမဲ့ကယားရိုးရာအစားအစာ

ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁)

အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
ထီလာပုဂံ

အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)
ရာသီပန်းကလေးပွင့်လန်းလို့မွှေး

ချင်း (ဖလမ်) (၂၁:၀၀ မှ ၂၂:၀၀)
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ

ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)
ဝဥစိုက်ပျိုးခြင်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၁၅ | စူးစမ်းရှာဖွေ ရေးဟောင်းအမွေ |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၉:၄၅ | ကမ္ဘာတစ်လွှား အနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယား ရှေ့နဲ့သွားဆိုပေမယ့်' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီယိုနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၁၄) |

**MRTV FARMERS' HD**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၂၀ | ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | Back To Eden Gardening Documentary Film |
| ၁၉:၀၀ | Last Day of Wheat Harvest! |
| ၁၉:၃၀ | First Ever Tour of My New Garden |
| ၂၂:၀၀ | Livestock on the Land-Full-Length |

**MRTV SPORTS HD**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match(Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၈:၂၀ | 19th Asia Games Highlights |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# တတိယအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ သဘင်အစည်းအရုံးအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကန်တော့ခံ သက်ကြီး သဘင်ပညာရှင် အဘိုးအဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက မုဒိတာစကား ပြောကြားပြီး ကန်တော့ခံ သဘင်ပညာရှင် အဘိုး အဘွားများ အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းငွေနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် သိန်း ၂၀၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နာယက ဦးချမ်းသာ၊ ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးသဘင်ပညာရှင် အဘိုးအဘွားများကို ပူဇော်ကန်တော့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်က ဂါရဝပြု စကားပြောကြား၍ သဘင်သက်ကြီး ဘိုးဘွားများအား အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ သဘင်သက်ကြီးဘိုးဘွားများ ကိုယ်စား သဘင်ပညာရှင် အဘိုး ဦးအောင်တင်ဝင်းက ဆုတောင်းမေတ္တာစကား ပြောကြားသည်။

ယင်းနောက် သဘင်သက်ကြီး အဘိုးအဘွားများအား စိတ်ခတ်ခွန်အားဖြည့်တင်းမှု အလှူအဖြစ် သဘင်မိသားစုများက ဆိုင်း၊ အက၊ အငြိမ့်၊ ဇာတ်တော်ကြီး၊ ဆပ်ကပ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် ၂၀၀ ဆံ့ အမျိုးသမီး သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများအား ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၃၀ တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၃၆၀၀ ကျော်ဖြင့် ပြည်သူ့ဆေးရုံကြီးများနှင့် မြို့သန့်ရှင်းသပ်ရပ်သာယာရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဗန်းမော်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းနှင့် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဗန်းမော် အောက်တိုဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စင်းခန်းကျေးရွာ၊ ခဲမနိုင်ကျေးရွာ၊ နန့်အူကြီး ကျေးရွာချင်းဆက်လမ်းပေါ်တွင် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဗန်းမော်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ဦးမြသင်းနှင့် QC ဌာနမှ ဦးကျော်လွင်မိုးတို့သည် စင်းခန်းကျေးရွာ၊ ခဲမနိုင်ကျေးရွာနှင့် နန့်အူကြီး ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေကျပ် ၉၈ သန်းဖြင့် ပစ္စည်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်သောအလျားပေ ၂၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဦးစီးအရာရှိ(မြို့ပြ)ဦးမြသင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေကျပ် ၃၂၈ သန်း၊ ပစ္စည်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် စင်းခန်းကျေးရွာ၊ ရွှာသာယာကျေးရွာ၊ ခဲမနိုင်ကျေးရွာ၊ ကရှန့်သဲကျေးရွာနှင့် နန့်အူကြီးကျေးရွာ စုစုပေါင်းကျေးရွာ ငါးရွာ အကျိုးပြုသွားလာနိုင်မည့် စင်းခန်း၊ ခဲမနိုင်၊ နန့်အူကြီးကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ၁ မိုင် ၅ဖာလုံ၊ အကျယ် ၁၆ ပေ၊ ဒု ကိုးလက်မ ဂျင်းမြေခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာ ငါးရွာကို အကျိုးပြုမည့် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းနှင့် ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းမှာ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီး လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာရှိ အကျိုးပြုအိမ်ခြေ ၁၀၂၄ အိမ်၊ လူဦးရေ ၅၂၅၆ ဦးတို့အတွက် ရာသီမရွေးသွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူချောမွေ့ကာ ဒေသထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂

# ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဖိုးထောင်ဇာတ်လမ်းစုံစာအုပ်ဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ အမျိုးသားစာပေဆုရှင် စာရေးဆရာ စိုးတင့်(ရောဝတီ)ရေးသားသည့် ဖိုးထောင်ဇာတ်လမ်းစုံစာအုပ်ဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အမျိုးသားစာပေဆုရှင် စာရေးဆရာ စိုးတင့်(ရောဝတီ) ရေးသားသည့် ဖိုးထောင်ဇာတ်လမ်းစုံစာအုပ်ဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင် စာရေးဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)က အမှာစကားပြောကြားပြီး နေပြည်တော်အတွင်းရှိ ပြည်သူ့စာကြည့်တိုက် ရှစ်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အမျိုးသားစာပေဆုရှင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)က လူငယ်များ စိတ်ဓာတ်ခွန်အားမြင့်မားစေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ အမျိုးသားစာပေဆုရှင် စာရေးဆရာ စိုးတင့်(ရောဝတီ)က လူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် မြို့နယ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များအား ယခုကဲ့သို့ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ စီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲဝင် ၄၀ တို့အား အမျိုးသားစာပေဆုရှင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)နှင့် အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး စိုးတင့်(ရောဝတီ)တို့က လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# (၄၄)ကြိမ်မြောက် မုဒုံမြို့လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ




နေပြည်တော် အောက်တိုဘာ ၇

(၄၄)ကြိမ်မြောက် မုဒုံမြို့လုံးဆိုင်ရာ ဆွမ်းဆန်တော် လောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မုဒုံမြို့ သံဃာ့နာယကဥက္ကဋ္ဌ ဂျုံးဂျုံးကျတောရစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏကိတ္တိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂျုံးဂျုံးကျတောရစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားများက ကြွရောက်တော်မူကြသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် စုစုပေါင်း ၂၅၆၈ ပါးတို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

သတင်းစဉ်

# မိုးနဲမြို့နယ် လုံစံကျေးရွာ(ဆိုင်းဖယ်ရွာသစ်)၌ စိုက်ကွင်း ကွင်းဖွင့်ပွဲကျင်းပ



မိုးနဲ အောက်တိုဘာ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် လုံစံကျေးရွာ (ဆိုင်းဖယ်ရွာသစ်)တွင် ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့စစ်(ဌာနေ)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးကွင်း ကွင်းဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာစိုက်ကွင်းနေရာ၌ ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ဦးစွာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ အရှေ့ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့စစ်(ဌာနေ) ဥက္ကဋ္ဌ ဦးမဟာဂျာ၊ နမ့်စန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ နမ့်စန်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းတို့က စိုက်ပျိုးရေးကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နမ့်စန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျေးလက်စိမ်းလန်းမြေကုမ္ပဏီမှ တာဝန်ခံက စိုက်ကွင်းဖော်ဆောင်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်း စားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ နေကြာမျိုးစေ့နှင့် မြေပဲမျိုးစေ့များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများက လက်ခံရယူကြပြီး ဟိုမိန်းဒေသနှင့် ပြည်သူ့စစ်(ဌာနေ) ကိုယ်စား လုံစံကျေးရွာ ပြည်သူ့စစ် တာဝန်ခံ ဦးအိုက်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ကျိုက်မရော အောက်တိုဘာ ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် သမဝါယမအသင်းစုချုပ် ဦးစိုးတင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးသန်းမောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော အသင်းစုကိစ္စရပ်များနှင့် သမဝါယမလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးထွန်းခင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေစာရင်းများကို ဖတ်ကြားခြင်း၊ မြို့နယ်အသင်းစုဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သမဝါယမအသင်း ၂၇ သင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ တက်ရောက်ကြပြီး Exim Bankအပြေအကျေပေးဆပ်ပြီးသော အခြေခံသမဝါယမအသင်းများအား အသင်းရန်ပုံငွေများကို အသင်းတာဝန်ခံများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုက်မရော(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၀ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၆၅ | ၃၂၀၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၅ | ၂၃၆၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၈၅ | ၂၂၉၀ | ၂၂၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၄၀ | ၃၃၀၀ |
| HSD (50 ppm) | ၂၂၆၅ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၈၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၃၆၀ |
| HSD (10 ppm) | ၂၂၆၅ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၈၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၃၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၄ | ၁၉၁၅ |
| 95 Ron | ၁၉၄၀ | ၂၀၁၃ |
| HSD (500 ppm) | ၂၁၁၄ | ၂၁၈၅ |
| HSD (50 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (10 ppm) | ၂၁၅၃ | ၂၂၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၄၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ကိုးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၁၀-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၄၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉)ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈)ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)

**"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့"**

**"Fighting Inequality for A Resilient Future"**

**အောက်တိုဘာလ (၁၈) ရက်**

## ထူးခြားသည့် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကိုအိနူ"သည် အနောက်-အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး အားကောင်းသော အပူပိုင်းမုန်တိုင်း "ကိုအိနူ" အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲတွင် Hydraulic Elevator Dam တပ်ဆင်ပြီး ရေပိုမိုသိုလှောင်ကာ ရေအားလျှပ်စစ်ပိုမိုထုတ်လုပ်ရန်နှင့် ရေသောက်စနစ်တွင် သီးထပ်စွမ်းအားမြင့်မားရေးကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက ပေါင်းလောင်းမြစ်ဝှမ်းအတွင်းရှိ ဆင့်ကဲထပ်ဆင့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် အထက်ပေါင်းလောင်းတမံ၊ အလယ်ပေါင်းလောင်းတမံ၊ အောက်ပေါင်းလောင်းတမံနှင့် နန်ချိုရေအားလျှပ်စစ်စက်ရုံတို့၏ အခြေအနေ၊ ပေါင်းလောင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ တမံဝင်ရေထွက်ရေ အခြေအနေ၊ လက်ရှိရေ အသုံးပြုနိုင်မည့်အခြေအနေနှင့် ပေါင်းလောင်းဆည်ရေသောက်စနစ်နွေစပါး၊ မိုးစပါး စိုက်ပျိုးမှုအခြေအနေ၊ ရေပိုလွှဲမှ နှစ်အလိုက် ရေကျော်မှုအခြေအနေ၊ ရေပိုလွှဲတွင် Hydraulic Elevator Dam တပ်ဆင်ရန် ဒီဇိုင်းပုံစံများ တပ်ဆင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ပိုမိုရရှိပြီး ရေလှောင်ပမာဏလည်း ပိုမိုရရှိလာနိုင်မည့်အခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးက ဆောင်ရွက်ပြီးစီးပါက ရေပိုမိုသိုလှောင်နိုင်၍ ရေအားလျှပ်စစ် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပေါင်းလောင်း ရေလှောင်တမံမှ ရေသည် ဆည်ရေသောက်စနစ်တွင် သုံးသီးစိုက်ပျိုးရန် လုံလောက်မှုရှိသည့်အတွက် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ တောင်သူများနှင့် ကွင်းဆင်းစစ်ဆေးပြီး သီးထပ်စွမ်းအားမြင့်မားရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် တမံကြံ့ခိုင်ရေး လေ့လာစောင့်ကြည့်မှု Dam Monitoring အား မျက်ခြည်မပြတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

သတင်းစဉ်

## လူငယ်ရေးရာကဏ္ဍ

### တောင်ငူမြို့ နတ်စင်ကုန်း အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

တောင်ငူ အောက်တိုဘာ ၇

တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယမန်နေ့က တောင်ငူမြို့ နတ်စင်ကုန်း အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သူဇာဝင်းက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး နတ်စင်ကုန်း အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများဖြစ်သည့် မောင်ဇင်သော်အောင်က "လူငယ်နှင့် Social Media"၊ မမေသန္တာခိုင်က "လူငယ်နှင့် စာဖတ်ခြင်း"၊ မနှင်းဝေအောင်က "လူငယ်နှင့် စာရိတ္တ"၊ မဝင်းပပလှိုင်က " လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"၊ မအေးချမ်းမြေ့က "လူငယ်နှင့်မူးယစ်ဆေး"၊ မောင်မောင်ပြည့်စုံက "လူငယ်နှင့် ကျန်းမာရေး"၊ မောင်ဖွဲ့ထက်ဇော်က "လူငယ်နှင့် အားကစား" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

### လှည်းကူးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လှည်းကူး (မြို့မ) အထက ပညာရတနာ ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းညွန့်က "စိတ်ကူးယဉ်ကြပါ"၊ စာရေးဆရာ ဦးရန်နိုင်ဦး(ခ)ချစ်သဲဖြူ (ကော့ကရိတ်)က "ပညာကျေးဇူး" စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောကြသည်။ ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ကိုးဦးတို့က "ကျန်းမာခြင်းသည် လာဘ်တစ်ပါး"၊ "စာပေမြင့်မှ လူမျိုးတင့်မည်"၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး"၊ "ပညာရဲရင့် ပွဲလယ်တင့်"၊ "အစဉ်ရှေးရှုမြန်မာ့ ယဉ်ကျေးမှု"၊ "မူးယစ်ရန်စွယ် တို့ကာကွယ်"၊ "အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့"၊ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"၊ "ချစ်မြတ်နိုးစရာ မြန်မာအနုပညာ" ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။



ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ/ရသ စာအုပ်များ ပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက်(Acid Deposition Monitoring Network in East Asia– EANET)အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း တိုင်းတာသည့် ၄၁ စခန်းလုံးတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၄၁ စခန်းအနက် ၃၉ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး(6.5 – 8.5)အတွင်းတွင်ရှိပြီး ဖန်းမော်စခန်းနှင့် ကလေးဝစခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain)ဟု သတ်မှတ်ထားသည့် pH တန်ဖိုး(5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၄၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရသည်။ (ပုံ–၂)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၆.၉ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၈ |
| ၃ | မြစ်ကြီးနား | ၆.၇ |
| ၄ | ပူတာအို | ၆.၆ |
| ၅ | ဖန်းမော် | ၆.၄ |
| ၆ | ခန္တီး | ၆.၇ |
| ၇ | လားရှိုး | ၆.၈ |
| ၈ | တောင်ကြီး | ၆.၆ |
| ၉ | မိုင်းဆတ် | ၆.၇ |
| ၁၀ | ကျိုင်းတုံ | ၆.၅ |
| ၁၁ | စစ်ကိုင်း | ၆.၉ |
| ၁၂ | ဟုမ္မလင်း | ၆.၆ |
| ၁၃ | ဟားခါး | ၆.၆ |
| ၁၄ | ညောင်ဦး | ၆.၅ |
| ၁၅ | မုံရွာ | ၆.၇ |
| ၁၆ | ပျဉ်းမနား | ၆.၆ |
| ၁၇ | ကသာ | ၆.၇ |
| ၁၈ | ပြင်ဦးလွင် | ၆.၅ |
| ၁၉ | ကလေးဝ | ၆.၄ |
| ၂၀ | ရန်ကုန်(ကမ္ဘာအေး) | ၇.၀ |
| ၂၁ | မှော်ဘီ | ၇.၀ |
| ၂၂ | မကွေး | ၇.၀ |
| ၂၃ | အောင်လံ | ၆.၉ |
| ၂၄ | လွိုင်ကော် | ၆.၅ |
| ၂၅ | စစ်တွေ | ၆.၈ |
| ၂၆ | ကျောက်ဖြူ | ၆.၇ |
| ၂၇ | သံတွဲ | ၇.၀ |
| ၂၈ | ပြည် | ၆.၅ |
| ၂၉ | ပဲခူး | ၆.၆ |
| ၃၀ | တောင်ငူ | ၇.၂ |
| ၃၁ | ပုသိမ် | ၇.၀ |
| ၃၂ | မအူပင် | ၆.၆ |
| ၃၃ | ဟသ်ာတ | ၇.၂ |
| ၃၄ | မော်လမြိုင် | ၇.၂ |
| ၃၅ | ရေး | ၇.၁ |
| ၃၆ | ဘီးလင်း | ၆.၈ |
| ၃၇ | ဘားအံ | ၆.၈ |
| ၃၈ | ကော့ကရိတ် | ၆.၉ |
| ၃၉ | ထားဝယ် | ၆.၉ |
| ၄၀ | မြိတ် | ၆.၅ |
| ၄၁ | ကော့သောင်း | ၆.၅ |

## ကယားပြည်နယ်အစိုးရအဖွဲ့က အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ ထပ်ဆောင်းထောက်ပံ့ငွေ၊ ဆန်နှင့်စားသုံးဆီများ ပေးအပ်၊ ဘောလုံးပွဲကြည့်စင် ပြုပြင်မွမ်းမံပြီးစီးမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် အောက်တိုဘာ ၇

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(လွိုင်ကော်) သို့ သွားရောက်ကာ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး ထပ်ဆောင်းထောက်ပံ့ငွေ၊ ဆန်နှင့် စားသုံးဆီများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ မြင့်မားလာစေရေးအတွက် ပညာရည်ပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သော လူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးအတွက် အားကစားကဏ္ဍကို ဘက်ပေါင်းစုံမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့က သင်တန်းသား သင်တန်းသူများ အာဟာရအစားအစာများ ဖြည့်စွက်ကျွေးမွေးနိုင်ရန်အတွက် ထပ်ဆောင်းထောက်ပံ့ငွေများ ပေးအပ်ရခြင်းဖြစ်ပြီး လိုအပ်သည်များကိုလည်း ထပ်မံဖြည့်ဆည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများက မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြည်နယ်အတွက် အရည်အချင်းပြည့်ဝသည့် ပြည်နယ်ဂုဏ်ဆောင် မျိုးဆက်သစ်ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရန် ဆရာ ဆရာမများ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများအားလုံး ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ထပ်ဆောင်းထောက်ပံ့ငွေများ၊ ဆန်နှင့် စားသုံးဆီများပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်း ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဘောလုံးပွဲကြည့်စင်များ ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု

**မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုသည် နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံသားတို့အတွက် အကျိုးများစွာဖြစ်ထွန်းစေပါသည်။ "အပြိုင်အဆိုင်ရှိမှ တိုးတက်သည်" ဟူသောစကားအတိုင်း ယှဉ်ပြိုင်မှုသည် နိုင်ငံ့စီးပွားရေးသာမက ဈေးကွက်အတွင်းရှိ လုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုအသုံးပြုသူ ဝယ်ယူသူများ အတွက်လည်း လွန်စွာအကျိုးရှိပေသည်။**

သုတအောင်

ယှဉ်ပြိုင်မှုကြောင့် ဈေးကွက်အတွင်း တီထွင်ကြံဆမှုအားကောင်းလာစေနိုင်ပါသည်။ ဝယ်ယူသူများအနေဖြင့်လည်း ကုန်ပစ္စည်းများကို ကောင်းမွန်သောဝန်ဆောင်မှု၊ မျှတသောဈေးနှုန်းဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ တီထွင်ကြံဆမှုအားကောင်းလာပါက ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သဖြင့် နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။




**မျှတသောယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်**

သို့သော်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ လုပ်ငန်းစုတစ်ခုတည်းကသာ လွှမ်းမိုးလာသည့်အခါတွင် ဝန်ဆောင်မှု/ ကုန်ပစ္စည်း ဝယ်ယူအသုံးပြုသူများအတွက် ရွေးချယ်ခွင့်မှာ အကန့်အသတ်ရှိလာပြီး ကုန်ဈေးနှုန်းအဆမတန်ကြီးမြင့်လာခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကျဆင်းခြင်း စသည့်အနုတ်သဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်လာစေနိုင်ပါသည်။ လုပ်ငန်းစုတစ်ခု သို့မဟုတ် အနည်းစုကသာလျှင် ဈေးကွက်ဝေစုအများစုကို ရယူထားပါက လက်ဝါးကြီးအုပ်စနစ် ဖြစ်လာစေနိုင်ပါသည်။ ဈေးကွက်အတွင်း လုပ်ငန်းများ တစ်ခုနှင့်တစ်ခု ပြိုင်ဆိုင်ရာတွင် ဈေးကစားခြင်း၊ အသရေဖျက်ခြင်း စသည့် ဥပဒေနှင့်မလွတ်ကင်းသော နည်းလမ်းများအသုံးပြု၍ ဈေးကွက်ကို ခြယ်လှယ်သည့် လုပ်ဆောင်မှုများရှိလာပါက မျှတသောယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေနိုင်ပါသည်။

ဥပမာအားဖြင့်ဆိုရသော် အစားအသောက်များကို မိမိအိမ်မှ မှာယူစားသောက်လိုသည်ဆိုပါစို့၊ အစားအသောက်ပို့သည့် ဝန်ဆောင်မှု ဈေးကွက်အတွင်း ကုမ္ပဏီ (က)၊ ကုမ္ပဏီ (ခ)၊ ကုမ္ပဏီ (ဂ)၊ ကုမ္ပဏီ (ဃ)၊ ကုမ္ပဏီ (င) ဟူ၍ ကုမ္ပဏီလုပ်ငန်း ငါးခုရှိပါက ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ရွေးချယ်ရာ ငါးခုရှိပြီး နှစ်သက်ရာကို အသုံးပြုနိုင်ပါသည်။ သို့ရာတွင် ကုမ္ပဏီ (က)မှ အခြားကုမ္ပဏီ (ခ)နှင့် (ဂ)ကို ဝယ်ယူပြီး လုပ်ငန်းစုတစ်ခုတည်းသာ ဖြစ်သွားပါက ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် နှစ်သက်ရာဝန်ဆောင်မှု ရွေးချယ်ခွင့်မရှိနိုင်တော့ပေ။ ထိုသို့ဖြစ်ပါက လုပ်ငန်းစုအနေဖြင့် မတန်တဆ ဈေးတင်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေး လျှော့ချခြင်း စသည်တို့ကို ပြုလုပ်လာနိုင်ပါသည်။

**ယှဉ်ပြိုင်မှုဥပဒေပြဋ္ဌာန်းထား**

ထို့ကြောင့် ဈေးကွက်လက်ဝါးကြီးအုပ်မှုများကို ကာကွယ်ရန်နှင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုကို ပိုမိုအားကောင်းစေရန်အတွက် ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းထားပါသည်။ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ဈေးကွက်ထိန်းညှိရာတွင် ပိုမိုအားကောင်းစေရန် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားရှိပါသည်။

ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေသည့် ဆောင်ရွက်ချက်များဖြစ်သည့် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊ ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာဈေးကွက်အတွင်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို ဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများဆောင်ရွက်ခြင်း စသည်တို့ကို ကျူးလွန်ပါက ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ယင်းသို့ အရေးယူဆောင်ရွက်ရာတွင် ဖောက်ဖျက်ကျူးလွန်သည့် ပြစ်မှုအမျိုးအစားအလိုက် စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

**အရေးယူဆောင်ရွက်**

ယှဉ်ပြိုင်မှုဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရာတွင် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်းပိတ်သိမ်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ့ငါးဆယ်အထိဖြစ်စေ၊ ထောင်ဒဏ်ရော ငွေဒဏ်ပါ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် မျှတသောယှဉ်ပြိုင်မှု၏ အသီးအပွင့်များကို ပြည့်ဝစွာ ခံစားရရှိနိုင်မည်ဖြစ်ပါသည်။ ။

> **"ဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ လုပ်ငန်းစုတစ်ခုတည်းကသာ လွှမ်းမိုးလာသည့်အခါတွင် ဝန်ဆောင်မှု/ကုန်ပစ္စည်း ဝယ်ယူအသုံးပြုသူများအတွက် ရွေးချယ်ခွင့်မှာ အကန့်အသတ်ရှိလာပြီး ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်လာခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကျဆင်းခြင်းစသည့် အနုတ်သဘောဆောင်သည့် သက်ရောက်မှုများဖြစ်လာစေနိုင်"**

## ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံကွန်ပျူတာသင်တန်း (အခမဲ့)ဖွင့်လှစ်



**ရန်ကုန် အောက်တိုဘာ ၇**

အခြေခံ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃/၂၀၂၃)(အခမဲ့) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက် ၇ နာရီတွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက အခြေခံကွန်ပျူတာ သင်တန်းများ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ လူထုအခြေပြုဗဟိုဌာနတွင် ဆောင်ရွက်လျက်ရှိသော အသိပညာပေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြ ဆရာဦးကြည်လွင်သူက ကွန်ပျူတာ သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ အခြေခံကွန်ပျူတာ သင်တန်းကို အောက်တိုဘာ ၇ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကုန်သွယ်/စီးပွား

## မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မူဆယ် အောက်တိုဘာ ၇**

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် အောက်တိုဘာ ၃ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၆၁၉ သန်းနှင့် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၉၃၆ သန်း စုစုပေါင်း ကုန်သွယ်မှု ပမာဏကန်ဒေါ်လာ ၁ ဒသမ ၅၅၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၂ ဒသမ ၁၈၅ သန်းနှင့် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃ ဒသမ ၆၀၆ သန်း စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၇၉၁ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငါးရှဉ့် တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀၆ ဒသမ ၃၈၃ နှုန်းဖြင့် ၅၁ ဒသမ ၆၈၀ တန်၊ ကဏန်း တစ်တန်လျှင် ကန်ဒေါ်လာ ၃၈၀၅ ဒသမ ၈၈၅ နှုန်းဖြင့် ၃၄ ဒသမ ၉၈၀ တန်၊ ကြက်သွန်နီ တစ်တန်လျှင် ကန်ဒေါ်လာ ၅၈၂ ဒသမ ၇၆၈ နှုန်းဖြင့် ၁၇၀ ဒသမ ၀၀၀ တန်၊ လျှော်ဖြူ တစ်တန်လျှင် ကန်ဒေါ်လာ ၁၈၇၅ ဒသမ ၆၁၀ နှုန်းဖြင့် ၃၄ ဒသမ ၄၉၀ တန်၊ ဆန်ကွဲ တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၇ ဒသမ ၂၆၆ နှုန်းဖြင့် ၉၈ ဒသမ ၀၀၀ တန်၊ ဆန် တစ်တန်လျှင် ကန်ဒေါ်လာ ၄၄၉ ဒသမ ၀၉၉ နှုန်းဖြင့် ၇၁ ဒသမ ၅၀ တန်၊ ဝါဂွမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၁၇၂၆ ဒသမ ၅၄၁ နှုန်းဖြင့် ၁၆ တန်၊ ဆီးဆန်တစ်တန်လျှင် ကန်ဒေါ်လာ ၂၄၀၆ ဒသမ ၂၃၉ နှုန်းဖြင့် ၉ တန်၊ မြေပဲ တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ နှုန်းဖြင့် ၁၆ တန်နှင့် မက္ကာဒေးမီးယားသီး တစ်တန်လျှင် ကန်ဒေါ်လာ ၃၉၄ ဒသမ ၄၅၉ နှုန်းဖြင့် ၃၃ တန်တို့ ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ SKD စနစ်ဖြင့် တင်သွင်းသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ စပျစ်သီး၊ ပန်းသီး၊ သံပေါင်၊ လိမ္မော်သီး၊ အလူမီနီယံချောင်း၊ ဖိနပ်မျိုးစုံ၊ ပန်းသစ်တော်သီးနှင့် ကာဗွန်မှုန့်တို့ဖြစ်သည်။

**စီးပွား/ကူးသန်း**

ဝတ္ထုတို

## ■ ခင်ဇော်(သီတာကုန်းပြင်)




(၁)

နေဝင်သွားပြီ ဖြစ်သော်လည်း အလင်းရောင်က ရှိနေသေးသည်။ ညနေပိုင်းရွာခဲ့သည့်မိုးကြောင့် လမ်းတစ်လျှောက် ရေအိုင်ခွက်များဖြစ်နေ၏။ တစ်ချက်တစ်ချက် တောင်ဘက်မှတိုးဝင်လာသော လေပြင်းများကြောင့် လမ်းဘေးဝဲယာ သစ်ပင်များ ယိမ်းနွဲ့လှုပ်ရှား၍နေကြလေသည်။

နေ့တိုင်း ဒီအချိန် ဖိုးအောင်အလုပ်က ပြန်ရောက်နေကျအချိန်ဖြစ်၏။ အိမ်ရောက်ရောက်ချင်း အိမ်အပေါက်ဝက အမေ လှမ်းပေးသည့် ရေလဲပုဆိုးကိုယူ၍ ရေချိုးရန် အိမ်နံဘေးက ချောင်းဆီသို့ ထွက်လာခဲ့သည်။

မိုးရေကြောင့် ကြည်လင်နေသော ချောင်းရေမှာ နောက်ကျိုကျိုဖြစ်နေ၏။ ချောင်းဟိုဘက်ကမ်းနှင့်သည်ဘက်ကမ်းကို နှစ်ခေါက်လောက် အားရပါးရ လက်ပစ်ကူးလိုက်သည်။ ကိုယ်ကိုရေထိလိုက်တော့မှ တစ်နေကုန်ပင်ပန်းသမျှ အပန်းပြေသွားသည်ဟု ထင်မိသည်။ သဲကြမ်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံးက အညစ်အကြေးများကို ပွတ်တိုက်ရင်း သန့်ရှင်းရေး လုပ်လိုက်သည်။

"သားထမင်းစားတော့မလား၊ အမေ ပဲနှပ်ရယ်၊ ငါးခြောက်ဟင်းရယ် ချက်ထားတယ်။ ဒီနေ့တော့ အမေ ခူးခပ်မပေးနိုင်တော့ဘူး၊ နေရတာ မောမောနေလို့"

ကုလားထိုင်လေးပေါ်တွင် လဲလျောင်းရင်း နွမ်းလျသောလေသံဖြင့် အမေကပြောနေသည်။

"ရတယ်အမေ၊ သောက်ဆေးတွေ ကျန်သေးလား"

"နှစ်ရက်စာတော့ ကျန်သေးတယ်။ ခုတစ်ခါကုန်ရင် ဆေးမထုတ်တော့ဘူး။ တစ်ခါဆေးထုတ်ရင် ငွေအများကြီးကုန်တာ။ သားကိုလည်းသနားတယ်"

"မဟုတ်တာအမေရယ်၊ အမေရှိတုန်းလေး သားပြုစုခွင့်ရတာပါ၊ သားမပင်ပန်းပါဘူး။ သားရဲ့ အလုပ်သမားခေါင်းဆောင်ဆီက အမေဆေးပြဖို့ မနက်ဖြန် ကြိုတင်ငွေထုတ်လာခဲ့မယ်"

အဖေဆုံးတော့ ဖိုးအောင်အသက်က ၁၀ နှစ်သားအရွယ်ဖြစ်၏။ အမေတစ်ခု သားတစ်ခုဘဝဖြင့် လူ့လောကတွင် ညှိုးငယ်စွာ ရပ်တည်နေထိုင်ခဲ့ရသည်။ အမေကဈေးတောင်းရွက်ပြီး အရပ်တကာလှည့်ဈေးရောင်းကာ သားအမိနှစ်ယောက် ဝမ်းရေးကိုဖြေရှင်းခဲ့ရသည်။

ဖိုးအောင်ရဲ့ ပညာရေးနှင့်ပတ်သက်၍ လေးတန်းအထိ သင်ခဲ့ရသည်။ အမေက ကျောင်းဆက်တက်ဖို့ ပြောသည်။ အဖေမရှိတော့သည့်အတွက် ဖိုးအောင် အလွန်အားငယ်ရသည်။ အမေ့ကိုလည်း ရွာစဉ်လှည့်ဈေးရောင်းရတာကို စိတ်မချသည့်အတွက် ကျောင်းဆက်မတက်ဘဲ အမေနဲ့အတူ ဈေးရောင်းလိုက်ခဲ့သည်။

အဖေဆုံးတော့အမေက အသက် ၅၀ ခန့်ရှိသေး၏။ အမေ့ကို လိုချင်သည့် ယောကျ်ားတွေ နှစ်ယောက်၊ သုံးယောက်လောက်ရှိသည်။ သို့သော် အမေက သူ့သား ပထွေးလက်အောက်မှာ မျက်နှာငယ်ရမည့် အဖြစ်ကို တွေးမိသောကြောင့် နောက်အိမ်ထောင်ပြုမည့်အရေးကို မစဉ်းစားခဲ့ချေ။ ယခုအမေ အသက် ၆၅ နှစ် ပြည့်ပြီ။ နှလုံးရောဂါကြောင့် ပင်ပင်ပန်းပန်း မလုပ်နိုင်ခဲ့သည်မှာ သုံးနှစ်ခန့်ရှိခဲ့ပြီဖြစ်၏။ ဖိုးအောင်၏ ပန်းရန်အလုပ်လေးဖြင့် သားအမိနှစ်ယောက် စီးပွားမဖြစ်သော်လည်း ထမင်းနပ်မှန်အောင်တော့ စားနိုင်ခဲ့သည်။

ယခုအမေက သူ့အတွက်ဆေးမထုတ်တော့ဘူးလို့ ပြောနေသည်။ လူပျိုလေးဖြစ်ပါလျက်နှင့် ခေတ်ပေါ် ဖုန်း၊ ခေတ်ပေါ် အဝတ်အစား တစိုးတစိမျှ မရှိရှာသော သူ့သားကို သနား၍လည်း ဖြစ်နိုင်သည်။

"ဒီရက်ထဲ အသက်ရှူရတာ အတော်ကျပ်တယ်။ အမေ့ရင်ဘတ်ကို သားလက်နဲ့ ဖိထားပေးပါလား သားရယ်"

တဒိတ်ဒိတ်နဲ့ခုန် မြည်သံမြန်နေသော အမေ့ရင်ဘတ်ကို လက်နဲ့ဖိရင်း အသက်ကို ဖြည်းညင်းစွာ အားယူ၍ရှူနေရရှာသော အမေ့ကို ဖိုးအောင်အလွန်သနားမိသည်။ အမေ့ကိုယ်စား သူသာ ဝေဒနာကို ဝင်ခံပေးလိုက်ချင်သည်။

အမေနဲ့ သက်တူရွယ်တူတွေ ရပ်ကွက်ထဲတွင် အများကြီးရှိကြသည်။ သို့သော် အမေနှင့် မတူကြပါ။ သူတို့က ချမ်းသာပြည့်စုံကြ၏။ ရောဂါဖြစ်သည်ဟုမကြားမိ၊ ဖြစ်ခဲ့ရင်လည်း ကုစရာငွေက တစ်ပုံတစ်ပင်ရှိကြသည်။ အမေ့ရောဂါတွေ အမြန်ပျောက်အောင် ကုသပေးချင်သည်။ သို့သော် ဖိုးအောင်တို့ သားအမိမှာ တစ်နေ့စာတစ်နေ့ စားရဖို့ပင် အနိုင်နိုင်ပါ။ သည်ကြားထဲ ဖိုးအောင် ကျန်းမာနေတာပဲ တော်သေး၏။

မတူညီသည့် ဘဝတွေအကြောင်း ထမင်းစားရင်း တွေးတောမိပြီး လောကကြီးကို အပြစ်ဆိုချင်မိသည်။ သို့သော် ကိုယ့်ဘဝပေးကံကြောင့် ဖြစ်လာရသည်မို့ ကိုယ့်ကံနှင့်ကိုယ်ပဲဟူ၍သာ စိတ်ဖြေထားမိသည်။

(၂)

အခြေခံလူတန်းစားတွေများသည့် ဖိုးအောင်တို့ ရပ်ကွက်လေးက မိုးလင်းသည်နှင့် ဆူညံစဖြစ်လာသည်။ တစ်နေ့တာစားရဖို့ ရုန်းကန်လှုပ်ရှားရန် တာစူနေကြသည့် အသံများဖြစ်သည်။

နံနက်စောစောထ၍ မီးမွှေးကာ ထမင်းအိုးအရင်တည်လိုက်၏။ အမေ့အတွက် ကြက်ဥလေးတစ်လုံးကြော်သည်။ ဖိုးအောင်အတွက်က ညကကျန်သည့်ဟင်းများကိုနွှေးပြီး ထမင်းချိုင့်ထဲ ထည့်လိုက်သည်။ သည်အလုပ်တွေက နေ့တိုင်း အမေလုပ်နေကျ။ အမေထည့်ပေးသည့် ထမင်းချိုင့်ကို အဆင်သင့်ယူ၍ အလုပ်သွားလိုက်ရုံသာ။ ညက အမေ့ရောဂါတိုးသည့်အတွက် ဖိုးအောင် အလုပ်မသွားခင် အကုန်လုပ်ခဲ့ခြင်းဖြစ်သည်။

"အမေ သားအလုပ်သွားတော့မယ်။ အမေ့အတွက် ကြက်ဥကြော်ခဲ့တယ်။ ညနေစာ အမေ မချက်နဲ့၊ သားရောက်မှ ချက်မယ်"

အမေ့ကိုမှာရင်း လွယ်အိတ်လေး လွယ်လျက် အလုပ်နေရာသို့ ထွက်လာခဲ့သည်။ စိတ်ကတော့ လေးနေသည်။ အမေ့ကိုလည်း စိတ်မချပါ။ ဖြစ်နိုင်ရင် အလုပ်မဆင်းဘဲ အမေ့အနားမှာ ပြုစုချင်သေးသည်။ သို့သော် အလုပ်ကပျက်လို့မဖြစ်။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဘဝတွေမလား။

"ဆရာ ကျွန်တော့်အမေနေမကောင်းလို့ ဆေးပြဖို့ ကြိုတင်ငွေလေးလိုချင်လို့ပါ"

"ခုရက်တွေ ငွေတအားကျပ်တယ် ဖိုးအောင်ရေ၊ လကုန်လောက်မှ အလုပ်ရှင်ကငွေထုတ်မှာဆိုတော့ အဲဒီကျမှယူပါကွာ"

နေ့လယ်ပိုင်း ထမင်းစားနားချိန် အလုပ်သမားခေါင်းဆောင်အား ကြိုတင်ငွေပြောကြည့်သော်လည်း အဆင်မပြေ၊ လကုန်မှယူရန်ပြောနေသည်။ လကုန်အထိဆေးမသောက်ရလျှင် အမေ့ကျန်းမာရေး ပိုဆိုးတော့မည်။ ရက်ကွက်ထဲက ဘကြီးသာအောင်ဆီမှာလည်း ငွေထပ်ပြော၍မဖြစ်။ ပထမယူထားသည့် ငွေတောင် မဆပ်ရသေးလို့ သူ့အိမ်ရှေ့တောင် ဖြတ်မလျှောက်ရဲပါ။ ဖိုးအောင် စဉ်းစားရကျပ်လာသည်။

ညနေပိုင်း အလုပ်ပြန်ဆင်းချိန် ဖိုးအောင် အလုပ်တွင်စိတ်မပါ။ နေမကောင်းသည့် ရောဂါသည် အမေ့ဆီသာ စိတ်ကရောက်နေသည်။ ငွေမပါဘဲ အိမ်သို့မပြန်ချင်ပေ။ ညနေ အလုပ်သိမ်းချိန် ပစ္စည်းများသိမ်းပြီး အလုပ်ရှင်၏ နေအိမ်ရေချိုးခန်းအတွင်းသို့ဝင်၍ အလုပ်သမားများ ခြေဆေး၊ လက်ဆေးခြင်းများ ပြုကြသည်။

ရေကန်ထောင့်တစ်နေရာတွင် တွေ့ရသည့်အရာတစ်ခုကြောင့် ဖိုးအောင် စိတ်တွေလှုပ်ရှားသွားသည်။ ရေချိုးတုန်း ချွတ်ပြီးမေ့ကျန်ခဲ့သည်ဟု ထင်ရသည့် အလုပ်ရှင်၏ လက်စွပ်တစ်ကွင်းပင်ဖြစ်သည်။ အခြားအလုပ်သမားအဖော်များသည် သူ့အာရုံနှင့်သူဖြစ်သောကြောင့် လက်စွပ်ကိုမြင်မိဟန်မတူပါ။

" အင်း ဒီလက်စွပ်သာ ထုခွဲလိုက်ရင် အမေ့ဆေးဖိုးအတွက် ပူစရာမလိုတော့ဘူး"

မိခင်၏ကျန်းမာရေးအတွက် ငွေလိုနေသည့်ပြဿနာကို လတ်တလော ဖြေရှင်းရန်ဆိုသည့် အတွေးဖြင့် လက်စွပ်ကို ခိုးယူရန်ကြံစည်လိုက်ပြီး အတူအဖော်များ ရေဆေးပြီးသောအချိန်ကို စောင့်ဆိုင်းလိုက်၏။ တစ်ယောက်ထဲကျန်တော့မှ လက်စွပ်ကို ယူရန်ဟန်ပြင်လိုက်သည်။

(၃)

"သူများပစ္စည်းကို ပိုင်ရှင်မသိဘဲ မယူရဘူး။ ယူမိရင် ခိုးမှုအပြစ်ဖြစ်တယ်။ လုပ်ကိုင်စီးပွား မဖြစ်တော့ဘူး။ ပြီးတော့ သေပြီးတဲ့အခါမှာလည်း ငရဲမှာခံရမယ် သားရေ"

ငယ်ငယ်က အဖေဆုံးမခဲ့သည့်စကားကို ပြန်လည်ကြားယောင်မိကာ လက်စွပ်ကို ယူခါနီးမှ လက်တွန့်သွားခဲ့သည်။ တစ်ဖန် အိပ်ရာထဲလဲနေသည့် အမေ့မျက်နှာကို မြင်ယောင်မိပြန်သည်။ ဒီနေ့မှ ပိုက်ဆံမပါလျှင် နောက်နေ့ အမေဘာဖြစ်မယ်မှန်းမသိ။

"ဒီအချိန် ငါ့အတွက်အရေးအကြီးဆုံးက အမေ့ဆေးဖိုးအတွက် ပိုက်ဆံရဖို့ပဲ။ ငရဲခံရတော့လည်းခံမယ်။ လူမမယ်ကလေးဘဝက အဖေတစ်ယောက်ကို ဆုံးရှုံးခဲ့ရပြီးပြီ။ ဒီအချိန် ငါတစ်ယောက်လုံးရှိနေပါလျက်နဲ့ အမေ့ကိုထပ်ပြီး အဆုံးရှုံးမခံနိုင်တော့ဘူး။ ဖြစ်လာသည့်ပြဿနာကို နောက်မှကြည့်ရှင်းတော့မယ်"ဟု စိတ်ပိုင်းဖြတ်ကာ လက်စွပ်ကိုယူလိုက်သည်။

"လူတစ်ယောက်ရဲ့ဘဝမှာ တန်ဖိုးမဖြတ်နိုင်သောအရာဟာ ကိုယ်ကျင့်တရားပဲ ငါ့သား။ အသက်နဲ့ ကိုယ်ကျင့်သီလယှဉ်လာခဲ့ရင် အသက်သာသေပါစေ၊ ကိုယ်ကျင့်တရား မဖောက်ဖျက်မိစေနဲ့။ ကိုယ်ကျင့်တရားဟာ အမေတို့ ဆင်းရဲသားတွေတိုးတက်ဖို့အတွက် အကောင်းဆုံး အရင်းအနှီးပဲ"

လက်စွပ်ကို လွယ်အိတ်ကလေးထဲ ထည့်ခါနီးမှ တစ်ချိန်က အမေဆုံးမခဲ့သည့်ကိုယ်ကျင့်တရားနှင့် ပတ်သက်သည့် ဆုံးမစကားများက သူ့နားထဲတွင် ပဲ့တင်ထပ်၍ မြည်ဟည်းနေသည်။

သူ့အသက်ကြောင့် သားရဲ့ကိုယ်ကျင့်တရားကို မကျိုးပေါက်၊ မဖျက်ဆီးမိစေနဲ့လို့ အမေကိုယ်တိုင် ဘေးမှာရပ်ပြီး ဖိုးအောင်ကိုဆုံးမနေသလို ကြားနေရကာ ကြက်သီးများပင် တဖျဉ်းဖျဉ်းထနေမိ၏။ ဖိုးအောင် ဆုံးဖြတ်ချက် အပြီးချလိုက်သည်။ လက်စွပ်ကိုယူ၍ အလုပ်ရှင်၏ ဧည့်ခန်းဆီသို့ ပေါ့ပါးစွာထွက်လာခဲ့သည်။

"ဦးခင်မောင်ရဲ့ လက်စွပ်ထင်ပါတယ်ခင်ဗျာ။ ကျွန်တော်ရေကန်ပေါ်မှာတွေ့လို့ ယူလာခဲ့တာ"

"ဟာ... ဟုတ်တာပေါ့ ငါ့တူရာ၊ ခုလေးတင် အဲဒီလက်စွပ်အကြောင်း မင်းအန်တီကို ပြောပြနေတာ၊ ဦးက စက်ရုံထဲမှာ ပစ္စည်းတွေနေရာချရင်း ကျွတ်ကျခဲ့တယ်ထင်နေတာ။ သြော်... မှတ်မိပြီ မနက်က ရေချိုးရင်း ရေကန်ပေါ်မှာ ချွတ်ပြီးမေ့ကျန်ခဲ့တာပဲ။ တကယ်တော့ လက်စွပ်ကို ငါ့တူယူသွားလည်း ယူသွားမှန်း ဦးလေး မသိပါဘူးကွာ။ ဘယ်မှာကျန်ခဲ့မှန်းမှ မသိတာ။ ငါ့တူလို ရိုးသားတဲ့လူငယ် အတော်ရှားတယ်ကွာ"

ဖိုးအောင်ကမ်းပေးသည့် လက်စွပ်ကို အလုပ်ရှင် ဦးခင်မောင်က တအံ့တသြ လှမ်းယူရင်း ပြောနေသည့်စကားများကြောင့် ဖိုးအောင်ရင်ထဲ အေးချမ်းပေါ့ပါးသွားသလို ခံစားရသည်။

"ငါ့တူရဲ့ ရိုးသားမှုကို ဆုချရမယ်။ မုန့်ဖိုးဘယ်လောက်ယူချင်လဲပြော"

"ကျွန်တော့်အတွက် မုန့်ဖိုးမလိုပါဘူး ဦးရယ်။ မနက်ဖြန် အမေဆေးပြဖို့အတွက် ငွေ ၃၀၀၀၀ လောက်ရရင် ယူချင်ပါတယ်။ ဒီလကုန် ငွေထုတ်ရင် ပြန်ဆပ်ပေးပါ့မယ်"

ဟား.... ဟား.....ဟား.....

လတ်တလော မုန့်ဖိုးပေးမည်ဟုပြောသောစကားကြောင့် ဖိုးအောင်ဖြစ်ချင်တာကို ဖွင့်ပြောချလိုက်မိခြင်းဖြစ်သည်။ သို့သော် ဦးခင်မောင်၏ ရုတ်တရက် ရယ်မောသံများကြောင့် နားမလည်သလိုဖြစ်မိသည်။

"မင်းလိုလူငယ်မျိုး ရှားတယ်ဟေ့။ ရော့ ၆၀၀၀၀ ယူသွား ပြန်မဆပ်နဲ့။ ဒါမင်းရဲ့ရိုးသားဖြူစင်တဲ့ ကိုယ်ကျင့်တရားကို ဦးလေးကဂုဏ်ပြုတာ။ နောင်ငါ့တူရဲ့ အမေဆေးပြဖို့ပဲဖြစ်ဖြစ်၊ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေလိုလာခဲ့ရင် ဦးလေးဆီလာခဲ့ကွာ၊ ကူညီပေးပါ့မယ်"

ဖိုးအောင် မျှော်လင့်မထားသော စကားများကို ကြားရသည့်အတွက် စိတ်ထဲတွင်ထခုန်မိချင်သလို ဖြစ်သွားသည်။ ဦးခင်မောင်ကို ကျေးဇူးတင်ကြောင်းပြော၍ သူပေးသည့်ငွေများကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် သူတို့နေအိမ်က ထွက်လာခဲ့သည်။

(၄)

ယနေ့ အိမ်ပြန်ရသောခရီးသည် ဖိုးအောင်အတွက် အလွန်မြန်သည်ဟု ထင်မှတ်မိသည်။ မမျှော်လင့်ဘဲ ငွေထုပ်ကြီးကောက်ရသလိုဖြစ်သွားသောကြောင့် သူ့ခြေထောက်တွေမှာ မြေကြီးကိုပင်မကျ အလွန်ပေါ့ပါးနေသည်ဟု ထင်ရသည်။

ကိုယ်ကျင့်တရားသည် ဆင်းရဲသားတို့အတွက် အကောင်းဆုံးအရင်းအနှီး ဆိုသည့် အမေ့ရဲ့ ဆုံးမစကားတွေက လက်တွေ့သက်သေပြခဲ့ကြောင်း အမေ့ကို အမြန်ဆုံး အားပါးတရပြောပြချင်သည်။ ထို့ကြောင့် ယနေ့ဖိုးအောင်၏ အိမ်အပြန်ခရီးက အရင်နေ့တွေထက် ပို၍မြန်ဆန်တက်ကြွနေခြင်းဖြစ်ပေတော့သည်။ ။

## ရှိခိုးဦးတင် မြတ်ဖခင်

❍ ဖခင်ရဲ့ ချစ်မေတ္တာ
ဇမ္ဗူမှာ ပြိုင်စံရှား။
သမုဒ်ပြင် ရေလှိုင်းကြီးလည်း
ဆီး(ဇီး)ရွက်အလား။
❍ အသက်ကို ပုံကာထား
သမီးသား လိုအပ်လျှင်
ပေးဆပ်ဖို့ပြင်။
မြင်းမိုရ်က အရာမထင်
မြတ်ဖခင် ဂုဏ်ကြီးမြတ်။
အကြင်နာ မေတ္တာလှိုင်းတို့
ရစ်သိုင်းလို့ပတ်။
❍ စားတောင်ကို ကျော်ကာဖြတ်
ကူးခတ်ခဲ့ မီးပင်လယ်။
လောကဓံ ခရီးကြမ်းကို
လျှောက်လှမ်းလို့ကွယ်။
သားသမီး မျက်နှာမငယ်
လောကဝယ် ဝင့်ထည်ရေး။
အဖေဟာ ဘဝရင်းပြီး
တည်ခင်းလို့ပေး။ ။

ဖိုးပြည့်(ပတ္တမြား)

## ပညာ့တန်ဖိုး

❍ အသိပညာ လင်းလက်ဖို့
စာဖတ်လျက် ရှေ့ဆက်ပါ။
အမြင်ကျယ် စိတ်သန့်ရှင်း
အတ္တကင်းကွာ။
ဝီရိယနှင့် အားစိုက်ရှာ
ပညာကို တန်ဖိုးထား။
ဗလငါးတန် ပြည့်ဝရေးမို့
မနေးကြိုးစား။
❍ ယဉ်ကျေးလိမ္မာ အသိပွားလို့
စိတ်ခွန်အား ပြည့်စုံမည်။
အားလပ်ချိန် စာပေဖတ်တော့
စိတ်ဓာတ်ခိုင်ကြည်။
မိမိဘဝ လှဖို့ရည်
ယုံကြည်ရာ ဘဝလမ်း။
တစ်နေ့မှာ အောင်မြင်ခြင်းသို့
အားတင်းလျှောက်လှမ်း။
❍ ပန်းတိုင်ဆီ လက်တကမ်းမို့
ကြိုးပမ်းလို့ သင်ယူပါ။
ပညာသည် မြတ်ရွှေအိုး
ကောင်းကျိုးဝေဖြာ။
အနာဂတ် လမ်းခရီးမှာ
ဘဝတွက်တာ ကျမ်းကျင်ရေး။
လက်တွဲဖော် ဝီရိယနှင့်
ဖွဲလုံ့လမွေး။ ။

မင်းဝေအောင်(ရဲကျွန်း)

ဆောင်းပါး

# အနာဂတ်လူငယ်၊ လူရွယ်များသို့

■ ခင်မောင်မြင့်

ယနေ့ခေတ်သည် လျင်မြန်စွာ ခေတ်မီဖွံ့ဖြိုး တိုးတက်နေသောခေတ်ဖြစ်သည်။ ခေတ်နှင့်အညီ လူငယ်များ၏ အတွေးအခေါ်၊ အတွေးအမြင်များသည်လည်း ဆန်းကြယ်၍ တိုးတက်မြင့်မားလာသည်ကိုတွေ့ရပါသည်။ လူကြီးများ သတိမပြုမိ၊ အမှတ်မထင်ပြုမိသည့် အရာများကိုပင် စူးစမ်းလေ့လာမေးမြန်းတတ်ပေသည်။ အတတ်ပညာတစ်ခုကို လျင်မြန်စွာ တတ်ကျွမ်းလာကြပြီး ထိုအတတ်ပညာသည် အပြုသဘောဆောင်သော ကောင်းမွန်သည့်အတတ်ပညာသာဖြစ်ဖို့လိုပေသည်။ မိမိတို့တတ်ကျွမ်းသော အတတ်ပညာသည် လူ့လောက၊ လူ့ပတ်ဝန်းကျင်အတွက် အသုံးချနိုင်သော အတတ်ပညာဖြစ်မှသာ ကိုက်ညီမှုရှိလိမ့်မည်ဖြစ်သည်။

“လူအမျိုးမျိုး၊ စိတ်အထွေထွေ” ဟု ဆိုသည့် ဆိုစကားအတိုင်းပင် လူငယ်များတွင်လည်း စိတ်အမျိုးမျိုးရှိတတ်ကြပေသည်။ လူငယ်များ အရွယ်ရောက်စအချိန်တွင် အကောင်းဘက်နှင့် အဆိုးဘက် ယှဉ်ပြိုင်ကြရာ အဆိုးဘက်သို့ ဦးတည်နေသူများသာ များပြားပေလိမ့်မည်။ ဆိုလိုသည်မှာ တက်သစ်စ လူငယ်အရွယ်တွင် ပျက်စီးမှုများတတ်ကြပြီး အဆိုးမြင်သည့်ဘက်၌ အားသန်ကြပေသည်။ ပျက်စီးကြသည်ဟုဆိုရာတွင်လည်း အချို့မှာ “မွေးသန္ဓေ သေမှပျောက်”ဆိုသကဲ့လို အကျင့်၊ သန္ဓေမကောင်းသည့် လူငယ်များ၊ အချို့မှာ သူငယ်ချင်းအပေါင်းအသင်းမက်၍ လူပေါင်းမှားယွင်းခြင်း၊ အချို့မှာ မိသားစု၏ ပစ်ပယ်ခြင်းခံရ၍ ဘဝကိုပျော်သလိုဖြတ်သန်းရင်း ပျက်စီးခဲ့ရခြင်းပင်ဖြစ်သည်။ မွေးရာပါ အကျင့်၊ သန္ဓေမကောင်း၍ ဆိုးရွားစွာ ပျက်စီးနေသည့်လူငယ်များကို လျစ်လျူရှု၍မထားသင့်ပေ။ မိဘ၊ ဆရာတို့အနေနှင့် ဝိုင်းဝန်းပူးပေါင်း၍ နားလည်အောင် ဆုံးမပြောကြားသင့်ပေသည်။ အလွန့်အလွန်ဆိုးရွားသည့်ဖြစ်ရပ်များအား အတန်အသင့်လျော့နည်းစေရန်၊ အတန်အသင့်ပြဿနာဖြစ်ရပ်များကို ပပျောက်သွားစေရန် လမ်းညွှန်ဆုံးမသင့်ပေသည်။ ငယ်စဉ်က လိမ္မာယဉ်ကျေးခဲ့ပြီး အနေအေးသည့်လူငယ်များသည်လည်း အရွယ်ရောက်လာသည့်အချိန်တွင် အပေါင်းအသင်းမက်၍ ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာ၊ အရက်ထိုမှတစ်ဆင့် ဆေး၊ ဘိန်းတို့အထိပင် သုံးစွဲတတ်ကြသည်။ အပေါင်းအသင်းကို မိမိတို့ကိုယ်တိုင် လေ့လာအကဲခတ်ရမည်။ ဆင်ခြင်၍ ပေါင်းသင်းရမည်။ အပေါင်းအသင်းမှားလျှင် တစ်ဘဝစာမှားယွင်း၍ ဘဝပျက်တတ်သည်။ မိမိမှားသည်ကို မှားမှန်းသိ၍ ဆင်ခြင်ပေါင်းသင်းပြုပြင်နေထိုင်လျှင် ဘဝသည် သာယာလှပပေလိမ့်မည်။ မိသားစု၏အပစ်ပယ်ခံ လူငယ်များသည်လည်း အပေါင်းအသင်းမှားသည့် လူငယ်များကဲ့သို့ မကောင်းသည့်အတတ်များ (ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာ၊ အရက်) သုံးစွဲမှုများကို လွယ်ကူစွာ လိုက်စားတတ်မြောက်၍ ဘဝဆုံးတတ်ပေသည်။

> မိမိတို့ လေ့လာတတ်မြောက်သင်ယူမည့် ပညာရပ်သည် အပြုသဘောဆောင်၍ အကောင်းဘက်သို့သာ ဦးတည်ရမည်။ ထိုသို့ အပြုသဘောဆောင်သည့် ဖြစ်ရပ်များကို လုပ်ဆောင်ရာတွင် ပထမဦးဆုံး တာဝန်ရှိသူမှာ မိမိသာဖြစ်ပြီး မိမိကိုယ်တိုင် ပြုပြင်ဖြောင့်မတ် ဆင်ခြင်နေထိုင်မှသာ မိမိတို့၏ဘဝသည် သာယာလှပမည်ဖြစ်သည်

မူးယစ်ဆေးသုံးစွဲသည့် အတတ်ပညာပင်မက ယနေ့ခေတ်လူငယ်များ အလွယ်တကူတတ်ကျွမ်းနေသည့် ပညာရပ်မှာ ဖုန်းအသုံးပြုခြင်းပင်ဖြစ်သည်။ ဖုန်းဟူသည် နည်းလမ်းတကျ မှန်ကန်စွာ အသုံးချတတ်လျှင် အပြုသဘောဆောင်သည့် အတတ်ပညာများစွာကို လွယ်ကူစွာသင်ယူလေ့လာနိုင်ပေသည်။ ဖုန်းများကိုအသုံးပြု၍ Game, Facebook, messenger,viber အစရှိသဖြင့် ဆော့ဝဲလ်များကို အသုံးပြုနိုင်ကြသည်။ Game ကစားရာတွင်လည်း သင်ပြ၊ ပြောပြစရာ မလိုအောင်ပင် မြင်ရုံနှင့် တတ်ကျွမ်းလျက်ရှိပါသည်။ ပိုင်နိုင်ကျွမ်းကျင်စွာ ဆော့ကစားတတ်ကြသည်။ အချိန်ပြည့် ထို game ကိုပင် အားသွန်ခွန်စိုက် လုပ်ငန်းတစ်ရပ်ကဲ့သို့ ဆော့ကစားတတ်ကြသည် ။ Facebook သည်လည်း စနစ်တကျ အသုံးပြုတတ်လျှင် ဆေး၊ အသုံးမချတတ်လျှင် ဘေးပင် ဖြစ်သည်။ Facebook မှ English speaking၊ ဘာသာစကားပိုင်းဆိုင်ရာ၊ အသိပညာ၊ အတတ်ပညာများကိုရှာဖွေလေ့လာ၍ သင်ယူနိုင်ပေသည်။ ထိုသို့မဟုတ်ဘဲ လျှပ်ပေါ်လော်လည်သည့် ပိုစ့်များ၊ မကောင်းသတင်း၊ မကောင်းသည့်အရာများကို မှားယွင်းစွာ လေ့လာတတ်ကျွမ်းနေလျှင် ခက်ပေလိမ့်မည်။ ထို့အပြင် messenger group, viber group များဖွဲ့၍ အွန်လိုင်းသင်တန်းများကို လေ့လာနိုင်ပေသည်။ ယနေ့ခေတ် ပညာသင်ကြားရေးသည် အလွန်ပင်သက်သာချောမွေ့၍ လေ့လာသင်ယူနိုင်သည့် ဝန်းကျင်များစွာရှိပေသည်။ ထိုသို့မဟုတ်ဘဲ messenger,viber သုံး၍ အပျင်းပြေစကားပြောရာမှ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အိမ်ထောင်ကျသည်များ၊ မလုပ်သင့်မလုပ်ထိုက်သည့် လုပ်ငန်းများကို လုပ်ကိုင်တတ်မြောက်မည်ဆိုလျှင်လည်း ပျက်စီးခြင်းတစ်မျိုးမည်ပေလိမ့်မည်။ နည်းမှန်၊ လမ်းမှန်ဖြင့် ဖုန်းအသုံးပြုတတ်ရန်လိုအပ်လှပါသည်။

လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စအရွယ် လူငယ်များအနေနှင့် အရက်၊ ဘီယာ၊ ကွမ်းယာ၊ ဆေးလိပ် အစရှိသော မူးယစ်ဆေးဝါးမှအစ ဖုန်းအသုံးပြုခြင်းအဆုံး ပညာရပ်များကို သင်ကြားပေးရန်မလိုဘဲ တတ်မြောက်ကြသည်။ အရာရာကို လွယ်ကူစွာကျွမ်းကျင်တတ်မြောက်သည့်အရွယ်တွင် လေ့လာလိုက်စားမှု၊ တတ်မြောက်ကျွမ်းကျင်မှုများသည် လမ်းမှားမရောက်ရန်လိုအပ်ပါသည်။ မိမိတို့လေ့လာတတ်မြောက်သင်ယူမည့်ပညာရပ်သည် အပြုသဘောဆောင်၍ အကောင်းဘက်သို့သာ ဦးတည်ရမည်။ ထိုသို့ အပြုသဘောဆောင်သည့် ဖြစ်ရပ်များကို လုပ်ဆောင်ရာတွင် ပထမဦးဆုံး တာဝန်ရှိသူမှာ မိမိသာဖြစ်ပြီး မိမိကိုယ်တိုင် ပြုပြင်ဖြောင့်မတ်ဆင်ခြင်နေထိုင်မှသာ မိမိတို့၏ဘဝသည် သာယာလှပမည်ဖြစ်သည်။ ထို့အပြင် ပတ်ဝန်းကျင်မှ မိဘ၊ မောင်နှမဆွေမျိုးများ၏ လှုံ့ဆော်မှုသည်လည်း တစ်စိတ်တစ်ပိုင်းအရေးပါလျက်ရှိသည်။ အကောင်းမြင်၍ အပြုသဘောဆောင်သည့် လမ်းညွှန်မှုများနှင့် တည့်မတ်လမ်းညွှန်ပေးရမည်။ ထိုသို့ဆင်ခြင်တည့်မတ်၍ နေ့စဉ်ဘဝကို ဖြတ်သန်းမည်ဆိုလျှင် အနာဂတ်၏လူငယ်များသည် အပြုသဘောဆောင်သည့် အကောင်းဘက်မှရပ်တည်၍ လူသားအကျိုးပြုလုပ်ငန်းများ၊ ပညာရပ်များတွင် အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင် သင်ယူတတ်မြောက်ကြမည်ဖြစ်သည်။ သို့မှသာ လူငယ်တို့၏ဘဝသည် သာယာလှပ၍ လူ့လောကကြီးသည်လည်း ပန်းဥယျာဉ်ပမာ လန်းဆန်းတင့်တယ် သာယာလှပဝေစည်လာတော့မည်ဖြစ်ပါသည်။

## ကျေးလက်ဒေသ ဖွံ့ဖြိုးကြ

❂ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလို့
ကျေးလက်က တောင်သူတွေ
ထုတ်ကုန်တွေ နှစ်ဆတိုးဖို့
ကြိုးစားကြပေ...
ချိန်ခါမီ စိုက်ပျိုးလေ
နည်းပညာတွေ လွန်မြင့်မား
အတတ်ပညာ ရှာဖွေကြည့်မှ
သိမြင်ကြွယ်သား... ။
❂ လျှပ်စစ်မီး ထိန်ထိန်ညီးလို့
သွယ်တန်းစီး ရောင်စဉ်ဖြာ
သီးနှံတွေ ကြိတ်ကာခွဲ
ဗွဲ့ရှိပေတာ...
ကလေးငယ်တို့ စာဖတ်ကာ
ကျေးလက်ဟာ မြို့ပြနဲ့မခြား
တို့ကျေးရွာ လွန်ဖွံ့ဖြိုးလို့
တိုးတက်စေသား... ။
❂ ဆည်မြောင်းအင်း တာတမံက
ရေသွင်းကြ စိုက်ပျိုးပေ
လယ်ထွန်စက် ကောက်ရိတ်စက်တို့
မြတ်လှုပ်ဝင်ငွေ ...
ခေတ်မီလို့ သက်သာစေ
ဝင်ငွေတိုးပေ တို့ကြိုးစား
မျိုးဆက်သစ် အားမာန်ဝင့်လို့
တင့်လျက်စေသား ... ... ... ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

## လမြတ်သီတင်းကျွတ်

❂ သီတင်းကျွတ်လ တူရာသီ
အလှုမျိုးစုံသည်။
အဿဝဓိ စန်းနက္ခတ်
ကြယ်မျိုးစုံလင်းလက်။
❂ မြို့တိမ်ကင်းလျက် ဝင်းပနေ
နှင်းမှုန်ကျဆင်းပေ။
ကန်ထဲမှာလေ ရွှေကြာပန်း
ရာသီပန်းလန်းဆန်း။
❂ ဆီမီးရေချမ်း ကပ်လှူခါ
မီးပုံးပျံလွှတ်တာ။
ဗုဒ္ဓရည်ကာ မီးထွန်းပွဲ
စုပေါင်းကာဆင်နွှဲ။
❂ ထိန်ထိန်လင်းမြဲ မီးရောင်စုံ
စေတီဘုရားအကုန်။
စည်ကားကြပုံ ဖူးမြော်ကြ
သီတင်းကျွတ်လပြည့်ည။
❂ ရိုးရာဓလေ့ အစဉ်လာ
ကျင်းပနဲ့ကြကာ။
အဘိဓမ္မာ အခါတော်နေ့
အေးချမ်းကာပျော်မွေ့။ ။

မိုးမြင့်စံ(မေတ္တာရိပ်)

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပန်းစည်းများ၊ အိုးစည်၊ ဒိုးပတ်များဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ ပထမရွှေတံဆိပ်တစ်ဆုရရှိသည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့၊ နဂါးလှေလှော် (Dragon Boat) အမျိုးသမီးမီတာ ၅၀၀ (၁၂)တက်လှော်ပြိုင်ပွဲ၌ တတိယကြေးတံဆိပ်တစ်ဆုနှင့် အမျိုးသားမီတာ ၁၀၀၀ (၁၂) တက်လှော်ပြိုင်ပွဲ၌ တတိယကြေးတံဆိပ် တစ်ဆုရရှိခဲ့သည့် လှေလှော်အားကစားအဖွဲ့တို့မှ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ ပြန်လည်လိုက်ပါလာကြသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မန္တလေး အောက်တိုဘာ ၇

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များမှဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ဝါသနာရှင်များ တက်ရောက်ပြီး ပြင်ဦးလွင်ခရိုင်အသင်းနှင့် မဟာအောင်မြေခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲတို့တွင် တတိယဆုရ ကျောက်ဆည်ခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်း၊ ဒုတိယဆုရ မဟာအောင်မြေခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပြင်ဦးလွင်ခရိုင်အသင်းမှ အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ပထမဆုရရှိသော ပြင်ဦးလွင်ခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီး ပထမဆုနှင့် အမျိုးသား ပထမဆုရရှိသော ပြင်ဦးလွင်ခရိုင်အသင်းတို့အား ပထမတံခွန်စိုက် ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

သတင်းစဉ်

✻ ကျောဖုံးမှ

နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၂ မိနစ်မှာ ဗန်ဒီဗင်ရဲ့ သွင်းဂိုးနဲ့ စပါးအသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ စပါးအသင်းနိုင်ပွဲရရှိရေးအတွက် ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့တဲ့ မက်ဒီဆင်ဟာ အခုဘောလုံးရာသီမှာ စပါးအသင်းအတွက် ဂိုးဖန်တီးမှုငါးကြိမ်နဲ့ သွင်းဂိုး နှစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

စပါးအသင်းဟာ လူတန်တောင်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အနိုင်သုံးမှတ်အပြည့် စုဆောင်းထားနိုင်ခဲ့ပြီး ပရီမီယာလိဂ်ရှစ်ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့အတူ ရမှတ် ၂၀ ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ စပါးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲစဉ်ရှစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့ အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

လူတန်တောင်းအသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာနိုင်ပွဲရရှိခဲ့ကာ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားတာကြောင့် ရမှတ်လေးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၇ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

❍ အာရှဖလားမှ

အဖွင့်ပွဲတွင် ပါလက်စတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ပိုကောင်းလာခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးဖြင့် အရေးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် အဆုံးသတ်အားနည်းနေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် နည်းစနစ်ပိုင်းအပြောင်းအလဲပြုလုပ်ခဲ့ရာ ဂိုးများရခဲ့ခြင်းဖြစ်ပြီး နှစ်ဂိုးစလုံးကို ငြိမ်းမင်းစိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၉ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက နေပြည်တော် (တပ်ကုန်း)ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဘတ်စကက်ဘော အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲကို အသံလွှင့်ဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရုပ်သံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အသံလွှင့်ဌာနအသင်းက ၁၆ - ၁၂ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသားအသင်းပြိုင်ပွဲ ဗိုလ်လုပွဲကို စီမံခန့်ခွဲရေးဌာနအသင်းနှင့် အသံလွှင့်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အသံလွှင့်ဌာနအသင်းက ၂၇ - ၂၅ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

